# မယ်နိုင်

## ဂျစ်ပစီ

(အချစ်လုံးချင်းဝတ္ထုသစ်)



(၁)

အကောင်းနဲ့အဆိုးဒွန်တွဲတယ်တဲ့ ...

ဒါ ... အမြဲတမ်း အမှန်တရားလား

မနက်မိုးရွာ ရေဘူးပါ

မနက်နေသာ ခမောက်ပါလို့

ပလောင်ကဆိုတယ် ...။

ပြုံးတော့မယ်ဆို

ငိုဖို့မျက်ရည်တွေ

အဆင်သင့်ဖြစ်နေရမယ်တဲ့လေ ...

ဒါပေမယ့်

အမြဲပြုံးချင်သူပါ ... ချစ်သူ။

***

နွေခေါင်ခေါင်ကြီးမှာ လေရောမိုးရော ကျလာ၍ ပတ်ဝန်းကျင်သည် ကစဉ့်ကလျား ဖြစ်ကုန် သည်။

ဝါးလုံးထိုး၍ ဖြစ်သလို လွှားတင်ထားသော မိုးကာအပြာကြီးသည် လေအလာတွင် တဖတ်ဖတ်ရိုက်ခတ်နေသည်။ မိုးသည် အငြိုးနဲ့ချလေရာ လမ်းပေါ်တွင် ရေများ စီးကြောင်း ဖြစ်သွားသည်။ ဖုန်တိတ်မိုး မဟုတ်ချေ။ ပွဲဖျက်မိုး

မပဟုတ်ချေ။ ကျိန်စာသင့် မိုးများလား ...။

ရုတ်တရက် ရွာချလိုက်သောမိုးကြောင့် ကြိတ်ကြိတ်တိုး စည်ကားနေသော ပွဲဈေးကြီးပင်လျှင် သုသာန်တစပြင်အလား ခြောက်ကပါ တိတ်ဆိတ်သွားသည်။

တစ်ဦးကိုတစ်ဦး ပွတ်တိုက်သွားလာနေသူများ ဘယ်ရောက်ကုန်မှန်းမသိ ကြက်ပျောက် ငှက်ပျောက် ...။

ကောင်းကင်ယံ၌ လည်း မိုးကြိုးအကြို လျှပ်ရောင်ကလည်း တဖျတ်ဖျတ်လပ်ဆဲဖြစ်၏ ။ ဆူညံပွက်လောရိုက်နေသော အလှူခံမဏ္ဍပ်က လူတွေလည်း ဘယ်ရောက်ကုန်မှန်း မသိ။

နေမဝင်ကတည်းက မနားတမ်းဖွင့်နေသော ဇာတ်ခုံမှ သီချင်း တဒူဒူကလည်း တိတ်လို့ ဆိတ်လို့။ အပ်ကျသံပင် မကြားရချေ။

“မိုးတော့ စဲသွားပြီ။ ဒါပေမယ့် ဒီညတော့ ပွဲပျက်ပြီ ထင်ပါရဲ့”

ပက်ဝင်ထားသော မိုးရေများကို ခပ်ထုတ်ရင်း ဦးတုတ်ကြီး ပြောသည်။

ထိုဒဏ်တွေကို ထုသားပေသားကျခဲ့ပြီမို့ မိုးရိပ်ဆင်လာကတည်းက ခင်းဖျာများကို လိပ်ကာ ထောင်ထားလိုက်သည်မှာ ကံကောင်းသည်ဟု ဆိုရမည်။ နို့မဟုတ်ပါက ဒီည ရေစိုမြေကြီး ပေါ်မှာ ဘယ်လိုကွေးလို့ကွေးရမှန်းမသိ။

“ဒီလောက်များတဲ့လူ အားလုံးဇာတ်ရုံထဲ ရောက်ကုန်မှာပေ့ါ၊ သူတို့မှာ ပြေးစရာမြေမှ မရှိတာကိုး”

ဦးတုတ်ကြီး မိန်းမ ဒေါ်မြကြ ပြောလိုက်ခြင်းဖြစ်သည်။ ဒေါ်မြသည် ဖက်ကြမ်းငှက်နီ ဆေးလိပ်ကို နှုတ်ခမ်းထောင့်စွန်း၌ ဖိပြီး အငွေ့ကို မှုတ်ထုတ်နေသည်။ များသောအားဖြင့် အကြီးပိုင်း မိန်းမများသည် နေပြည်တော်ဒေါင်းတံဆိပ်ကိုသာ စွဲစွဲမြဲမြဲ သောက်ကြသော်လည်း ဒေါ်မြကတော့

ငှက်နီမှ ခံတွင်းတည့်သည်ဟု ဆိုသည်။ စိတ်ရှုပ်တိုင်း ဆေးပေါ့လိပ်ကိုသာ စိတ်နဲ့ကိုယ် မကပ်သလို ခဲနေတတ်သည်။ ဒေါ်မြ၏ အကျင့်ကို လွေးသိပြီးသားဖြစ်သည်။

"ဟိုကလေး ထောင့်ကြားမှာ ဘာရပ်လုပ်နေတာလဲ။ ဈေးဆိုင်ပြန်ခင်းလေ၊ မကြာခင် လူတွေပျားအုံပျက်သလို ရောက်လာကြတော့မှာ။ ခုတောင် ဇာတ်ရုံထဲ ပြူတစ်ပြူတစ် ဖြစ်နေလောက်ပြီ"

ဒေါ်မြက အော်လိုက်တော့မှ ကိုယ်တစ်ခြမ်း မိုးရေစိုနေသော လွေးသည် ဒူးနှစ်ဖက်ကို ရင်နှစ်သားပမာ ပိုက်ထားရာမှ ထလာသည်။

ရုတ်တရက် ရွာချလိုက်သော မိုးမို့ ပစ္စည်းများ သိမ်းချိန်မရလိုက်၍ အသင့်ပါလာသော မိုးကာပြာကြီးနှင့်ပင် ဆိုင်ကို ဖြစ်သလို အုပ်ပစ်လိုက်ရသည်။

"လွေး ... လာဟေ့။ ထိပ်ကနေ ဆွဲလှန်လိုက်ရအောင်"

ဦးတုတ်ကြီးက ဆိုလာသည်တွင် လွေးက မိုးကာထိပ်စကို ဦးတုတ်ကြီးနည်းတူကိုင်သည်။ ဆယ့်နှစ်နှစ်သာရှိသော်ငြား လုပ်နေကြမို့ လွေး ကျွမ်းကျင်နေပါပြီ။

ရေစိုမိုးကာကို ဆွဲလှန်ပြီးသောအခါ ရေမစိုသော ရောင်းချပစ္စည်းများသည် ဆိုင်မျက်နှာပြင် ပေါ်သို့ စီရရီချခင်းပြီး ဖြစ်နေ၏ ။

"ဒီဘုန်းကြီး ရဟန္တာဆိုတာ ဟုတ်များနေပြီလား မသိဘူးနော်"

"ဟုတ်ပ့ါ ... နွေခေါင်ခေါင် ရေစီးအောင် ရွာတဲ့မိုးများ မတွေ့ဖူးပေါင်ဟယ်"

"ဟုတ်ပ့ါ ... နေ့လယ်ကပဲ ရပ်ကလာပ်ကို မီးရှို့ခဲ့တယ်။ ညတော့ မိုးကချပြီ"

ဖြတ်သွားရင်း ပြောသွားကြသော လုံမတစ်သိုက်ဖြစ်သည်။ ဘုန်းကြီးပျံပွဲရှိသည်ဟု လွန်ခဲ့သော သုံးလက သတင်းရ၍ လွေးတို့အုပ်စုသည်

ဤမြို့လေးကို ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဧရင်ကျူးစင် နှစ်ခုလုပ်သော ပွဲမျိုးသည် စည်ကားမည်ဆိုတာ အတတ်သိနေ၍ ဖြစ်သည်။

လုံမတစ်အုပ်ကို ဦးတုတ်ကြီးက ကြည့်သလို လွေးကလည်း ရပ်ကြည့်၏။ နားလည်၍ တော့ မဟုတ်ချေ။ ဦးတုတ်ကြီး စတိုင်လ်ကို ဖမ်းလိုက်ခြင်း ဖြစ်သည်။ ဦးတုတ်ကြီးသည် နှုတ်ခမ်းမွေး ကားကားနှင့် စကားပြော ကောင်းသူမို့ ဦးတုတ်ကြီးကို လွေးသဘောကျသည်။

"လူလိမ်တွေ သူဌေးဖြစ်မယ့် အရပ်ဒေသပဲ"

"ဘာလို့လဲ"

"တောင်တရုတ် ပင်လယ်ပြင်မှာ မုန်တိုင်းကျတယ်လေ။ ဒီအထက်မြန်မာပြည်မှာ မိုးကြီးတာ ဆန်းသလား"

လွေး နှုတ်ခမ်းချွန်သွား၏။ ဦးတုတ်ကြီးကို အံ့အားသင့်စွာ ကြည့်နေသည်။ တရုတ်ပြည်ဆို တော့ နိုင်ငံခြားတိုင်းပြည်မှန်း လွေးသိသည်။ ရန်ကုန်နဲ့ မန္တလေးကို လွေးရောက်ဖူး၏။ ညအိပ်သွားရသည်။ နိုင်ငံခြားဆိုတာ ဒါထက်ပိုဝေးမှန်း လွေးသိ၏။ သို့သော်ပွဲဈေးတွင် အရပ် ရောင်းနေသော ဦးတုတ်ကြီးက တရုတ်ပြည်ကို မသွားရသေးဘဲ မုန်တိုင်းကျနေတာ သိသည့်အတွက် လွေးအံ့သြနေခြင်း ဖြစ်သည်။

"မင်း ... ငါ့ကို အထင်ကြီးသွားပြန်ပြီ မဟုတ်လား"

လွေးမျက်လုံးလေး ပေကလပ် ပေကလပ်နဲ့ ခေါင်းညိတ်ပြ၏။

ဦးတုတ်ကြီးက လွေး၏ ခေါင်းကို လက်ဝါးကြီးနှင့် မိုးပြီး ခပ်ဖွဖွ ပုတ်သည်။

"အထာလေးတွေ ရှိတယ်ကွ။ ခေတ်မီအောင် ရေဒီယို စဉ်ဆက်မပြတ်

နားထောင်ကွာ။ တွေ့ကရာ စာအုပ်ဆွဲဖတ်။ သတင်းစာ၊ ဂျာနယ်ဖတ်ကွာ။ သူများတွေထက် ခေါင်းတလုံးမြင့်မှာ သေချာတယ်”

“ကျွန်တော်မှ စာမတတ်ပဲ”

“မတတ်ဘူးဆိုပြီး ထိုင်ငိုနေလို့ စာက သူ့အလိုလို တတ်လာမှာလားကွ။ သင်မှတတ်မှာ ပေါ့။ တတ်ချင်ရင် သင်ကွာ”

“ဘယ်မှာ သင်ရမှာလဲ”

“ကျောင်းမှာ သင်ပေါ့ကွ၊ ဘာခက်တာမှတ်လို့”

ဦးတုတ်ကြီးသည် ပြောပြောဆိုဆိုပင် ဆွဲလှန်ထားသော မိုးကာကို ဝါးလုံးပေါ် ဆွဲတင်လိုက်သည်။

လူများသည် ပုရွက်အုံကို ဆေးဖျန်း၍ ပုရွက်ဆိတ်များ ခြေဦးတည့်ရာ ပြေးသလိုပင် ဘယ်ကဘယ်လို ပေါ်လာမှန်းမသိ။ အုံလိုက်ကျင်းလိုက် တဖွဲဖွဲပေါ်လာကြပြန်သည်။ ဗွက်ပေါက်နေသော ပွဲဈေးတန်းလေးသည် မူလအတိုင်း ပြန်လည်စည်ကား သွားပြန်သည်။

ဖုန်တထောင်းထောင်းထခဲ့သော မြေကြီးမို့ မိုးရေနှင့် ထိသောအခါ ရွှံ့စေးများအဖြစ် ပြောင်းလဲကုန်သည်။ အချို့မြေနိမ့်သည့်နေရာများဆို ဗွက်ပေါက်ကုန်သည်။ ဗွက်အိုင်မှန်းသိသော်လည်း ကြက်ပျံမကျ စည်ကားနေသော ပွဲခင်းလမ်းတစ်လျှောက်သည် ရှောင်ကွင်းဖို့ နေရာမရှိချေ။ ညစ်ပေသွားမည်ကို သိသိချည်းနဲ့ ပေနင်းရကုန်သည်။

ရွာငယ်လေးမို့ ပွဲရှားသည် ထင်ပါရဲ့။ ပွဲသို့လာကြသူအပေါင်း ခေါက်ရိုးကြောင်းများပါ သော လက်ပြောင်သည့် ဝတ်စုံများကို ဝတ်ဆင်လာကြသည်။ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေလက်ကောက်များကို အိမ်၌ရှိတာ အကုန်ဝတ်လာကြသည် ထင်ရဲ့။ ဆွဲကြိုးများ နှစ်ကုံးပူး ဖြစ်နေသည်။

ဆိုးထားသော နှုတ်ခမ်းနီတို့သည်လည်း နှုတ်ခမ်းဘေးသားအပေါ် လျှံကျနေသည်။ တချို့များဆိုရင် နှုတ်ခမ်းကို ပြည့်အောင်မဆိုးလိုက်နိုင်၍ အမှတ်တမဲ့ ကြည့်လိုက်ရင် ဂျိုကာလိုလိုနှင့် ငါးပူစီလေးနှင့် တူနေသည်။

ထိုမပြင်တတ် မဆင်တတ် အလှတရားများသည် ရိုးသားမှုပေါ်မှ အခြေခံလာသည်မို့ တစ်မျိုးလေး ချစ်စရာကောင်းနေသည်မှာ အမှန်ပါ။

ရွံ့စေးများပေပွနေသော လမ်းကိုလျှောက်ဖို့ ဖိနပ်အသစ်များကို နှမြောသည် တင်ပါရဲ့ သားရေနံ့မစင်သေးသော ဖိနပ်များကို လက်တွင်သာစီးပြီး ခြေဗလာနဲ့ အုပ်စုဖွဲ့ သွားလာနေကြ သည်။

"ဒီ သေနတ် ဘယ်လောက်လဲ"

အလှူခံမဏ္ဍပ်နှင့် ဇာတ်ခုံတို့ဆီမှ ပြန်လည်သက်ဝင်လာပြီဖြစ်ရာ ဈေးဝယ်၏ ပြောသံကို အာရုံစိုက် နားထောင်ရပါသည်။

"သုံးရာ"

လွေးပြန်ဖြေ၏ ။

"ဒါက ယမ်းနဲ့မဟုတ်လား"

"ဟုတ်ပါတယ်"

"ယမ်းကုန်ရင် ပစ်မရတော့ဘူး သားရဲ့"

ဝယ်သူအမျိုးသမီးကြီးသည် လက်ဆွဲခေါ်လာကာ သားငယ်ကို ပြန်ပြောသည်။ သားငယ်ဆို သော်လည်း လွေးတို့နှင့် မတိမ်းမယိမ်း အရွယ်မျှသာဖြစ်သည်။ လွေးသည် အသက်ဆယ့်နှစ်နှစ် ဆိုသော်ငြားလည်း ကိုယ်လုံးကိုယ်ထည်သေး၍ ခုနှစ်နှစ်၊ ရှစ်နှစ်မျှသာရှိသေးမည်ဟု ထင်ရလောက်ပေသည်။

"ဟင့်အင်း ... သားက ကျည်ဆံပါတာပဲရချင်တာ"

"ကျည်နဲ့က မကောင်းဘူး သားရယ် ...။ ပစ်မိခတ်မိကုန်ရင် မျက်လုံးကန်းတတ်တယ်။ သူများမျက်လုံး ကန်းသွားရင် အဲ့ဒါသားမျက်လုံးကို ဖောက်သွားကြမှာ။ ယမ်းနဲ့ဟာပဲယူနော်"

ကလေးက မကျေနပ်သော်လည်း မျက်လုံးဖောက်မှာ ကြောက်သွားသောကြောင့် ပေမှိတ်မှိတ်နှင့် လွေးကို ကြည့်နေသည်။

"သုံးရာ မလျှော့ဘူးလား"

"လျှော့လို့တော့ မရဘူးဗျ။ ယမ်းတစ်ကဒ် အပိုပေးလိုက်ပ့ါမယ်"

"ဒီထက် ဈေးနည်းတာ မရှိတော့ဘူးလား"

"ဒါ ဈေးအနည်းဆုံးပဲ အန်တီ"

"ကဲ ... ကဲ ဒါပဲယူလိုက်တယ်။ ဈေးက ဆစ်ချင်သေးတာ လူကြီးတွေ မရှိဘူးလား"

ထိုစကားကို လွေးမကြိုက်ပါချေ။ ကလေးဆိုပြီး အထင်သေးသော အသုံးစကားမို့ လွေး မနှစ်သက်ပါ။ ထို့ကြောင့် ပညာပြချင်လာသည်။

"ကဲ ... ကဲ ဒါပဲယူလိုက်တော့မယ်။ ယမ်းတစ်ကဒ် အပိုပေးမှာနော်။ တစ်ကဒ်ကို ဘယ်နှခု ပါလဲ"

"ငါးခု"

လွေးတုံးတိတိဖြေပြီး သေနတ်ကို မောင်းတင်ကာ စမ်းပေးလိုက်သည်။ ယမ်းတစ်ကဒ် လျှင်ခုနှစ်ခုပါခြင်းကို အမြင်ကပ်၍ ငါးခုပဲ ပေးရန်ကြံရွယ်ခြင်းဖြစ်သည်။

ငွေသုံးရာကို ငွေလွယ်အိတ်ထဲထည့်ပြီး ထွက်သွားသော သားအမိနှစ်ယောက်ကို ကြည့်မိသည်။

ကလေးသည် မိခင်လက်ကို ဆွဲသွားသည်ကို တွေ့၏။ ထိုမြင်ကွင်းမျိုးက လွေးအတွက် မထူးဆန်းတော့သည်မို့ သာမန်ကာလျှံကာပင်။

ဦးတုတ်ကြီးသည် ပူဖောင်းမှုတ်ပြီး အရုပ်ချိုးနေ၏ ။

ဦးတုတ်ကြီးဘေးတွင် လူတွေ -ဝိုင်းအုံနေသည်။ ဒေါ်မြသည် အနောက်ခန်းမှ ဆိုင်ရှေ့သို့ထွက်လာသည်။

ဒေါ်မြသည် စည်သောလူအုပ်ကြီးကို အားရပါးရကြည့်ရင်း ...

"ဟွန်း .. မိုးချုပ်လိုက်တာပဲ ခပ်ကောင်းကောင်း။ ပလူပျံနေပြီ "

ဒေါ်မြသည် ငှက်နီဆေးလိပ်ကို ဆိုင်ဝါးလုံးထောက်တွင် ထိုးခြေကာ ငြိမ်းသတ်လိုက်လေသည်။

"ဟဲ့ ... ကောင်လေး။ သေနတ်ဘယ်လောက်လဲ ယမ်းနဲ့ဟာ ပြ"

မိသားစုတစ်သိုက်ဖြစ်သည်။ သားငယ်က သေနတ်ရချင်၍ အဖေနှင့်အမေလုပ်သူက မလွှဲသာမရှောင်သာ ဝယ်ပေးရမည့်ပုံမျိုး။

လွေးသည် ရွာကြိုက်ဈေးချိုသော ယမ်းသေနတ်ကို ထုတ်ပြသည်။

"သုံးရာပါ။ ယမ်းတစ်ကဒ်ပါပါတယ်"

"ဟင့်အင်း ... သားက ပစ်လို့ရတာ ပဲရချင်တာ ကျည်ဆန်နဲ့"

"မယူဘူး။ ဒါပဲယူ ...။ မျက်လုံးမှန်ပေါက်ကုန်ရင် အကုန်ဆေးရုံရောက်ကုန်မယ်။ မရှိမဲ့ရှိမဲ့ ဆေးဖိုးကုန်ဦးမယ်။ မင်းလည်းကလေးထောင် ရောက်သွားမယ်။ မရဘူး။ ဒါပဲယူ"

စိတ်ဆိုးမာန်ဆိုးနဲ့ လွေးလည်းကြောက်သွားသည်။ ကလေးလည်းထပ်ပြီး စောဒက မတက်ရဲတော့ချေ။ ထိုမိသားစုကို ယမ်းခုနစ်ကဒ်အပြည့် ဖြည့်ပေးလိုက်သည်။ သို့သော် ထောင်ဆိုသော ကိစ္စကြောင့်

လွေးစိတ်ထဲ မသက်မသာဖြစ်ရသည်။

“အရုပ်ဘယ်လောက်လဲ”

စစ်သားရုပ်လေးများကို ထောင်ပြီး သားရေကွင်းနှင့် ပစ်ဆော့သည့် အရုပ်ဖြစ်သည်။

လွေးမော့ကြည့်လိုက်ရာ တည်ကြည်သော လူကြီးတယောက်ကို တွေ့ရသည်။

“ဟင့်အင်း ... သားကအရုပ်သေးသေးမရချင်ဘူး။ သေနတ်ပဲလိုချင်တာ”

လက်ဆွဲထားသော ကလေးက ပူဆာသည်။ ထိုလူကြီးလည်း ကလေးရှေ့ ထိုင်ချလိုက် သည်။

“သေနတ်က ဘာလုပ်ဖို့လဲသားရယ်။ မိုက်လည်းမဂ‌ဘူး။ နားဆူတယ်”

“သားကပစ်ချင်တာ”

“ဒီအရုပ်လေးတွေထောင်ပြီး သားရေကွင်းနဲ့ ပစ်ပေါ့သားရယ်။ လက်ဖြောင့် မဖြောင့်တောင် သိရသေးတယ်။ ကျည်ဆန်ကုန်ပြီး ပစ်လို့မရတော့မှာလည်း မပူရဘူး။ ကျည်ဆန်က ပွဲရောက်လာမှ ဝယ်လို့ရတာ လေ။ ပွဲက အကြာကြီးနေမှ တစ်ခါလာတာလေကွာ။ ဘာလဲ ... သားက ဘုန်းကြီးတွေကို ခဏခဏသေစေချင်လို့လား”

လူကြီး၏ စကားကြောင့် ကလေးငယ်သည် ပြုံးလာသည်။

“ဘုန်းကြီးကို သေတယ်လို့မပြောရဘူး။ ဖေဖေ ငရဲကြီးတော့မှာပဲ။ ပျံလွန်တော်မူတယ်လို့ ပြောရတယ်”

ထိုလူကြီးသည် သားငယ်၏ ဦးခေါင်းကို ဖွဖွပုတ်ကာအားပါးတရ ရယ်သည်။ လွေးသည်ပင်လျှင် ယောင်နန ရယ်လိုက်ရသေး၏ ။

တရားအပြကောင်းသော ဖခင်ကြောင့် လွေးမှာ ငွေတစ်ရာ့ငါးဆယ်သာ အိတ်ထဲထည့်နိုင် လိုက်သည်။

"ကလေးက အဲဒီ လို ဂျီလာရင် သေနတ်ကို တဖန်းဖန်း ပစ်ပြလိုက်ရတယ်ဆိုတာ မသိ ဘူးလား။ မင်းနဲ့တော့ လူမွေးသူမွေး ပြောင်မယ် မထင်ပါဘူး လွေးရယ်"

ဒေါ်မြသည် အရုပ်ရောင်းပြီး ငါးထပ်တိုက်ဆောက်ချင်တယ် ထင်ပါရဲ့။ လွေး၏ လုပ်ရပ်ကို အားမရသလို ဆေးပေ့ါလိပ်ဖွာရင်း ဗျစ်တောက်ဗျစ်တောက် မြည်သည်။

"ဟိုလူဆိုလည်း အရုပ်ပဲချိုးနေ ... ဒီညဈေးမရောင်းတော့ဘူးလား မသိဘူး"

ခွေဒခြေခုံပေါ် ဒူးတစ်ဖက်ထောင်ကာ ပွဲလာဧည့်ပရိတ်သတ်များကို ဒေါ်မြကြည့်နေပြန် သည်။

"ဟွန်း ... မနက်ဖြန်တော့ ပိတ်ရက်ပဲ။ ဒီမြို့မှာ သောင်တင်ပြန်ဦးမှာလား"

"မတင်ဘူး။ ဒီဇာတ်က ဘုရားပွဲဆက်မယ်ပြောတယ်။ သုံးရက်ပဲနားမှာ။ ဒီရွာနဲ့လည်း သိပ်မဝေးဘူး။ ဆယ့်ငါးမိုင်ပဲတဲ့။ ဇာတ်ကောင်းလို့ဆက်ငှားရတယ်လို့ နေ့လယ်က ဘုရားကုန်း မှာ ဂေါပကတွေ ပြောနေကြတယ်"

ဒေါ်မြကျေနပ်သွားသည် ထင်ပါရဲ့။ ပွစိပွစိပြောမလာတော့ပဲ မီးငြိမ်းစပြုနေသော ဆေးပေ့ါလိပ်ကိုသာ မီးခြစ်ပြီး ညှိနေပြန်သည်။

ပွဲခင်းတစ်ခင်းလုံးသည် ဈေးသည်၊ ဈေးဝယ်များနှင့် တစ်မျိုး၊ ကသံ၊ ခုန်သံ၊ ဆိုသံများနှင့် တစ်ဖုံ စည်ကား၍ နေလေတော့၏ ။

*******

(၂)

ပွဲပြီးသောအခါ ဖြူဖွေးသော ကြွတ်ကြွတ်အိတ်ခွံများသည် ပိုင်ရှင်မဲ့ လွင့်မျောကုန်ကြသည်။

မြို့ခံများ၏ အပျော်တမ်းဈေးဆိုင်တန်းများကိုမူ ဖြိုဖျက်လက်စ တွေ့ရသည်။

ဝါးလုံးထိုး၍ နီးကြိုးများချည်ကာ အဖြစ်ဆောက်ထားသော တဲငယ်များကို ဖျက်ပြီး ဝါးလုံး များကို တစ်ချောင်းချင်း နှုတ်ယူကြသည်။ ပြီးနောက် နွားနှစ်ကောင် ကထားသော လှည်းပေါ်တင်ပြီး မူလဌာနသို့ သယ်ဆောင်သွားကြကုန်သည်။ လွေးသည် ပုဆိုးခြုံကာ နေဖင်ထိုးသည့် အထိကွေးနေခဲ့သည်။ အထက်မြန်မာပြည်မို့ မနက်ခင်းပိုင်းတွင် ချမ်းစိမ့်စိမ့်နှင့် အိပ်လို့ကောင်းသည်။

အစီစဉ်တကျ ဝင်နေကြသော ဖျက်ဆီးရေးသမားများကြောင့် လွေး နိုးလာခဲ့သည်။

ဇာတ်အဖွဲ့သားများသည် ခင်မင်နေကြသော ဈေးဆိုင်တန်းမှ လူအချို့နှင့် မိတ်ဆွေဖွဲ့ပြော ဆိုနေကြသည်။

ထိုမြင်ကွင်းမျိုးသည် လွေးအတွက် ရိုးနေခဲ့ပါပြီ။

ဇာတ်အဖွဲ့ကို သံယောဇဉ်ဖြစ်နေသော ရွာသူအချို့မကြာခင် ငိုပွဲဆင်ကြတော့မည်။ ဇာတ်ကားသည် နေ့လည်တစ်ချက်တီးလောက်ကို ထွက်ခွာမည်ဟု လွေး သတင်းကြား၏ ။

"လွေး .... နိုးရင်လာဟေ့။ ဒီမှာ ထမင်းကြော်နဲ့ လက်ဖက်ရည်လာစား"

ဒေါ်မြ၏ အော်သံဖြစ်သည်။ ထမင်းကြော်နှင့် လက်ဖက်ရည်ကို ပွဲပြီးနေ့၌ ကျွေးသော ကြောင့် ဒီတစ်ပွဲတွင် အခြေအနေကောင်းသွားပြီဆိုတာ လွေး သဘောပေါက်သွား၏ ။ နှစ်ချို့နေပြီ ဖြစ်သော ကလေးကစားစရာများသည် အိတ်ကြီးထဲ၌ ကုန်သလောက်နီးနေပြီ ဖြစ်သည်။

ဒီပုံအတိုင်းဆို ဒေါ်မြက နောက်ထပ်လက်ကောက် လုံးချောတစ်ကွင်း ဝတ်တော့မည် ထင်ပါရဲ့။

"မိုးကရွာထားတော့ ဇာတ်စင်နောက် အိမ်သာက ပြည့်နေပြီ။ ကိစ္စရှိလျှင် ဘုန်းကြီးကျောင်း ဘေးကစာသင်ကျောင်းမှာသွား။ အဲဒီ က သန့်တယ်"

ဆီကွင်းနေသော နှုတ်ခမ်းကို လုံချည်စနှင့် ဖြစ်သလိုသုတ်ရင်း ဒေါ်မြက ပြောသည်။

"မင်းကလည်းကွာ ... စားတုန်းသောက်တုန်း..."

"သတိရတဲ့အချိန်ပြောရတာ ပဲ။ လောကမှာ စားဝတ်နေရေးအပြင် အဲဒီ ကိစ္စလည်း အရေးအကြီးဆုံးက ပါတယ်"

ဦးတုတ်ကြီးပြုံးသည်။ ဦးတုတ်ကြီးပြုံးလျှင် လွေးသိပ်ကြိုက်သည်။ နှုတ်ခမ်းထောင့်စွန်း သည် ပါးဘက်သို့ကွေးတက်သွားသည်။

"နေတော့ လမ်းဘေးတဲထိုး၊ ငါတို့လောက်နယ်စုံတာလည်း မပြောနဲ့။ စားတော့ ကြွတ်ကြွတ်အိတ်နဲ့ သူများချက်ထားတာ အဆင်သင့်။ ဝတ်တော့လည်း မလျှော်မဖွပ်က ခပ်များများ"

"ရှင်ကျေးဇူးမကန်းနဲ့။ တစ်ခါတစ်ရံတော့ ကျုပ်လည်းချက်ကျွေးပါတယ်"

ဦးတုတ်ကြီးတို့လင်မယား ဇာတ်လမ်းက စလာသည်။

မကြာခင် ထအော်ကြမည်။ အော်ပြီးလျှင် ရိုက်နှက်ချင် ရိုက်နှက်ကြမည်။ ပြီးရင် တယောက်နဲ့တယောက် ပွေ့ဖက်ချော့မြူကြပြန်မည်။ ဦးတုတ်ကြီးနဲ့ နေလာသည်မှာ တနှစ် မပြည့်သေးသော်လည်း ဒီအထာမျိုး လွေးအတွက် ရိုးနေပြီ ဖြစ်သည်။ ထို့ကြောင့်ဦးတုတ်ကြီးနဲ့ ဒေါ်မြကြားတွင် နားသည်းမခံတော့ဘဲ လက်ကိုသာ ပုဆိုးပေါ် ဖြစ်သလိုသုတ်ပြီး ထွက်လာခဲ့တော့ သည်။

ဗိုက်ထဲမှာ တရစ်ရစ်နဲ့နာလာသည်။

မနေ့ညက ဒေါ်မြသုတ်ပေးသော လက်ဖက်ကို စားကောင်းကောင်းနဲ့ ပန်းကန်မှ အကပ်ပါ မကျန်လျက်စားလိုက်ပြီးကာမှ ဆန္ဒပြလာသည်။

သွားနေကျ လမ်းကြောင်းဖြစ်သော ဇာတ်ခုံနောက်သွားမည် ကြံပြီးကာမှ ဒေါ်မြစကားကို သတိရလာပြီး ဘုန်းကြီးကျောင်းနောက်ဖက်ရှိ စာသင်ကျောင်းသို့ လှည့်ဝင်လာသည်။

ဦးတုတ်ကြီးစကားအရ ထိုကျောင်းသည် မူလတန်းသင် စာသင်ကျောင်းဆိုတာ လွေး သိရ သည်။

မူလတန်းဆိုတာ ဘာပြောတာမှန်း မသိသော်လည်း မိမိနဲ့ ရွယ်တူများသာ သင်ကြားကြ သည်ကို လွေး သိသည်။

ထရံစုတ်နဲ့ ကာထားသော အိမ်သာထဲသို့ လွေးဝင်လာသည်။ ယင်ကောင်များ ထပျံကုန် သည်။

လွေး ချက်ချင်း နှာခေါင်းပိတ်လိုက်၏ ။

ဘာထူးလို့လဲ။ ဒီအိမ်သာလည်း ပွဲခင်းအိမ်သာနဲ့ ထူးမခြားနားပါပဲဟု တွေးမိပြန်သည်။

ထို့ကြောင့်လွေးသည် အိမ်သာပေါ်မတက်တော့ပဲ စပါးခွံခင်းထားသော လမ်းကြောင်းမှာ ပင် အနံ့အသက်ကောင်းကောင်း သွားပစ်ခဲ့သည်။

လွေးမျက်လုံးထဲ ကျောင်းဆောင်ကြီးကို မြင်နေရသည်။

လွေးစိတ်ဝင်စားလာသည်။

ထို့ကြောင့်ပင် တွေ့ကရာ ဝါးခြမ်းပြားဆွဲပြီး သန့်စင်ကာ ကျောင်းဆောင်ပေါ် တက်လာ ခဲ့၏ ။

ထရံစုတ်များကြားထဲမှ လွေးချောင်းကြည့်သည်။ ကျောက်သင်ပုန်းကြီးနှင့် မျက်နှာချင်းဆိုင် အရပ်တွင် ခုံတန်းရှည်များတွေ့ရသည်။

ဆရာမက စာသင်ပြီး ကျောင်းသားများက နားထောင်နေသည့်အဖြစ်ကို လွေးမြင်သည်။ ပြုံး ဖြစ်သွားသည်။ လွေးလည်း စာသင်ချင်သည်။ ရွယ်တူများနဲ့လည်းဘောလုံးကန်ချင်သည်။ သို့သော်လွေးထံတွင် သူငယ်ချင်း မရှိချေ။ ဦးတုတ်ကြီးနဲ့ ဒေါ်မြလည်း မကြာခဏ ပြောင်းရွှေ့နေ သောကြောင့် လွေးကို ကျောင်းမထားပေးကြပေ။

ခပ်လှမ်းလှမ်းမှ စာအံသံကို လွေးကြားရသည်။

ထိုစာအံသံကို လွေးမကြာခဏ ကြားဖူးပါ၏ ။ လွေးတို့တစ်နေရာမှ တစ်နေရာသို့ပြောင်း ရွှေ့ရာ လမ်းတလျှောက်တွင် စာသင်ကျောင်းများကို ဖြတ်ရသည်။

ထိုသို့ဖြတ်သောအခါ သံပြိုင် ထွက်ပေါ်လာသော စာအံသံကို လွေးသဘောကျသည်။ လွေးလည်း အများသူငှာလို စာအံချင်သည်။

ထို့ကြောင့် အသံလာရာဆီသို့လွေး ချည်းကပ်လာသည်။ အသံသည် တဖြည်းဖြည်း နီးကပ်လာသည်။ လွေးသည် မှန်းဆလာရင်း ဘုန်းတော်ကြီးကျောင်းဝင်းထဲ ရောက်လာခဲ့သည်။

“ညီညာထကြွ၊ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်ထွေးအံရွတ်၊ တပည့်ဝတ် မချွတ်ငါးခုသာ”

“သားသမီးဝတ်”

“ကျွေးမွေးမပျက် ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ”

လွေးသည် မန်ကျည်းပင်နောက်ကွယ်မှ ပုန်းခိုပြီး ငေးနေသည်။

ဘုန်းကြီးသည် ကြိမ်လုံးကို တဒေါက်ဒေါက်ထောက်ကာ ကလေးများအကြား ဖြတ်လျှောက်နေသည်။ ဆယ်ဦးခန့်သာရှိသည့် ကလေးများသည် လက်ပိုက်ပြီး သံပြိုင်အော်နေ ကြသည်။

လွေးသဘောကျသည်။ ဦးတုတ်ကြီးပြုံးသလို နှုတ်ခမ်းကို ပါးသို့ရောက်အောင် ဟန်လုပ် မပြုံးနိုင်တော့ပဲ ငေးနေသည်။

လွေးလည်း သူတို့လို အော်ချင်သည်။ သို့သော် သူတို့အော်သည့်စာကို လွေးမသိချေ။ ထို့ကြောင့် မန်ကျည်းပင်ကို ကျော်ကပ်ကာ ငူငူကြီး ထိုင်မှိုင်နေမိသည်။

“ဟေ့ … နင် .. ဒီမှာဘာလုပ်နေတာလဲ”

အသံတခုကြားရသည်။ လွေးမော့ကြည့်လိုက်၏ ။

ဆံပင်တိုတိုလေးများကို ဂျိုနှစ်ခွချည်ထားသော ကောင်မလေးတယောက် ဖြစ်သည်။

“စာသွားမသင်ဘူးလား။ နင်တော့ ဘုန်းကြီးရိုက်ခံ ထိတော့မယ်”

လွေးအံ့ဩသွားသည်။ လွေးသည် ထိုစကားသံမျိုး မကြားဖူးချေ။ လွေးကိုလည်း ရွယ်တူ ကောင်မလေး ဘယ်သောအခါမှ စကားမပြောခဲ့ဖူးပါ။

“နင်လည်း ငါ့လိုပဲ … စာမသင်ချင်လို့ မဟုတ်လား”

ကောင်မလေးသည်ပြောပြောဆိုဆိုပင် လွေးအနီး၌ ထိုင်သည်။ လွေးကို

သေချာ ကြည့်သည်။

လွေးစိတ်ထဲ မလုံမလဲ ဖြစ်ကုန်သည်။

ကောင်မလေးသည် ဂါဝန်အရှည် စပေါ့လုံးလေးများကို သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ ပြီးတော့မွှေးနံ့တမျိုးလည်းရသည်။

ရှူးဖိနပ်အဖြူရောင်လေးက ကောင်မလေးခြေထောက်တွင် ဖွေးသန့်နေသည်။ လွေးကတော့ ဦးတုတ်ကြီး၏ အကျ ပုဆိုးညစ်ထေးထေးကို ဝတ်ထားသည်။ ပုဆိုးသည် ကွင်းကျယ်ပြီး ကြီးနေ၍ စွန်တောင်စွဲဖြစ်နေသည်။ ရှပ်အကျႌလေးသည်လည်း ကြယ်သီးရွဲနေသော ကြောင့် မတွယ်သည့်အလုံးက မတွယ်နှင့် ပေါက်လွတ်ပဲစား ဖြစ်နေသည်။ ပြီးနောက်ရေမချိုးသည်မှာ သုံးရက်မျှရှိသွား၍ ကိုယ်ကနံနေသည်ကို သိသည်။ ပြီးနောက် ကွဲရိုင်း ဖိနပ် အဝါရောင်လေးမှာ ရွှံ့ပေနေသည်။ အဝါသည် အမည်းရောင်ဖြစ်နေသည်။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"လွေး"

ကိုယ်လေးကို နောက်တွန့်ပြီး မဝံ့မရဲဖြေသည်။

ကောင်မလေးသည် ရှေ့တိုးလာသည်။

"နံလိုက်တာ။ နင် .. အီးပေါက်တာလား"

လွေးခေါင်းငုံ့သွားသည်။ ကောင်မလေးက လွေးခြေထောက်ကို ငုံ့ကြည့်သည်။ မည်းတူး နေသော လွေး၏ ခြေချောင်းလေးများသည် ဖိနပ်ကို အားပြုပြီး ကုပ်နေသည်။

"နင့်ကြည့်ရတာ ရေချိုးမယ့်ပုံလည်း မပေါက်ဘူး။ ရေပုံမှန်ချိုးရတယ်ဟဲ့ ...။ တရက်တကြိမ်တော့ အနည်းဆုံးပဲ။ ဒီလောက်ပူတာ နင်မို့ရေမချိုးပဲ နေနိုင်တယ်။ နင့်အသက် ဘယ်လောက်ရှိပြီလဲ"

“ဆယ့်နှစ်နှစ်”

“ဒါဆို … ငါနဲ့တူတူပဲ”

ပြောပြောဆိုဆိုပင် ကိုယ်လုံးနှစ်လုံးကို ကလေးနှစ်ယောက်လုံး နှိုင်းယှဉ်ကြည့်ပြန်သည်။ မိန်းကလေးသည် အရပ်မြင့်ပြီး ကိုယ်ခန္ဓာ ဖွံ့ဖြိုးသည်။ အသားအရေသည် ဝင်းမွတ်ဖြူစင်သည်။ ကောင်လေးသည် ခန္ဓာကိုယ် ပိန်လှီပြီး အရပ်ပုသည်။ ရေမချိုးရက်များသောကြောင့် အရေပြားပေါ်တွင် ငါးကြင်းကွက်များ စွဲနေ၏ ။ ဆံပင်လေးကျိုးတိုးကျဲတဲနဲ့ ကောင်လေးသည် ကောင်မလေးရှေ့ မျက်နှာငယ်လေးနဲ့ ကုပ်နေသည်။

“ငါ့နာမည် ချစ်ပန်းနှင်းဆီ။ နင်ရော …”

“လ … လွေး”

“တစ်လုံးတည်းလား”

ကောင်လေး ခေါင်းညိတ်ပြသည်။

“နင်က ဘယ်မှာနေတာလဲ”

လွေးသည် ဘာဖြေ၍ ဖြေရမှန်း မသိပေ။ ထို့ကြောင့် ပွဲခင်းကို သာလက်ညှိုး ညွှန်ပြသည်။

“သြော် … တောင်ပိုင်းမှာလား။ ငါက မြောက်ပိုင်းမှာနေတာ။ ကျောင်းလည်း မြောက်ပိုင်းမှာ ပဲတတ်တာ။ နင်ဘယ်နှတန်းရောက်ပီလဲ။ ငါတော့ ခုနှစ်တန်းဖြေထားတာ။ နွေရာသီယဉ်ကျေး လိမ္မာသင်တန်းတက်ရမယ်တဲ့။ ငါ့မေမေက။ ဒါကြောင့် ဒီကိုရောက်လာတာ။ ငါ့မေမေက ဆရာတော်ဘုရားကို သွားလျှောက်တယ်လေ”

“ဒီမှာ ဒီလိုသင်ချင်ရင် ဆရာတော်ဘုရားကို လျှောက်လို့ရသလား”

“အင်း … လျှောက်လို့ရတယ်။ ပိုက်ဆံပေးစရာ မလိုဘူး။

အလကားသင်ရတာ ။ ငါတော့ စိတ်ပျက်ပါတယ်။ အဲဒီ လို ပိစိကွေးလေးတွေနဲ့ အတူသင်ရမှာလေ။ မသင်ချင်ဘူး”

ကောင်မလေးသည် စိတ်ပျက်စွာပင် နှာခေါင်းလေးရှုံ့၍ ပြောသည်။

“အိမ်က ဖေကြီးကသွားသင်ရမယ်တဲ့။ ဗုဒ္ဓဘာသာဆို ဘုရားစာတတ်ရမယ် ပြောတယ်”

မျက်လုံးလေးပြူးသွားလိုက်။ နှာခေါင်းလေးရှုံ့လိုက်။ နှုတ်ခမ်းလေးစူလိုက်နဲ့ ပြောနေသော ချစ်ပန်းနှင်းဆီကို လွေး ငေးကြည့်နေဖြစ်သည်။ လှ၍ လား အားကျစိတ်ကြောင့်လား မသိ။ ချစ်ပန်းနှင်းဆီနဲ့ အခုလိုပြောနေရသည်ကို လွေးပျော်သည်။

“သမီးရေ ... သမီး ... ချစ်ပန်းနှင်းဆီ”

ခေါ်သံတစာစာနှင့် မိန်းမကြီးတယောက် ရောက်လာသောအခါ ချစ်ပန်းနှင်းဆီသည် ရုတ်တရက်ထကာ ပြေးထွက်သွားသည်။ လွေးကို ထပ်လှည့်မကြည့်သလို နှုတ်လည်း ဆက်မသွား တော့ပေ။

လွေး စိတ်ထဲ တမျိုးကြီးခံစားလိုက်ရသည်။

ထို့ကြောင့် စာအံသံကို နားမထောင်တော့ပဲထိုနေရာမှ ထထွက်လာခဲ့သည်။ ဆိုင်သို့ရောက်သောအခါ ဒေါ်မြက သစ်ကိုင်းခြောက်များနဲ့ မီးဖိုပြီး ထမင်းအိုးတည်နေသည်။

“လွေး ... လာဟေ့။ တို့ရေသွားချိုးရအောင်”

လွေးပျော်သွားသည်။ မဟုတ်ရင်တောင် လွေးရေချိုးချင်လှပါပြီ။

“ဘယ်မှာသွားချိုးမှာလဲ ဦးတုတ်ကြီး”

ဤမြို့လေး၏ ညှော့သည်ဖြစ်သော လွေးတို့အဖို့ ရေနှင့် အပေါ့အပါးက ဒုက္ခပေးနေသည်။ ဦးတုတ်ကြီးက ဘုန်းကြီးထံ ခွင့်ပန်ကာ သောက်သုံးရေကို

ဘုန်းကြီးကျောင်းမှ ရသော်လည်း ချိုးရေအတွက် ခက်ခဲလှသည်။

"ရွာရှေ့အရပ်မှာ ချောင်းတချောင်း ငါတွေ့ထားတယ်။ လျှော်စရာရော ယူခဲ့ကွာ။ ဆပ်ပြာ တခဲဝယ်ပြီး သွားတာပေ့ါ။ စိတ်ကြိုက်ချိုး စိတ်ကြိုက်လျှော်ပေ့ါကွာ"

ဦးတုတ်ကြီးက ထိုသို့ပြောသောအခါ လွေးသည်လည်း အားမနာတမ်းပင် အဝတ်အိတ်ကြီးကို ပိုးသည်။

"ဟ ... ဒါကြီးက ဘာလုပ်ဖို့လဲကွ"

"လျှော်စရာတွေ ယူခဲ့ဆို ..."

"လျှော်စရာယူခိုင်းတာလေ။ နေရာရွှေ့ခိုင်းတာ မဟုတ်ဘူး"

"အားလုံးလျှော်စရာတွေချည်းပဲ"

လွေး၏ အဖြေစကားကို ဦးတုတ်ကြီး ပြုံးမိသွားသည်။ ပြီးနောက် လွေး၏ ခေါင်းကို ခပ်ဖွဖွ ပုတ်သည်။

"တယ်လည်း အသန့်ကြိုက်တာကိုးကွ။ ကြီးပွားဦးမယ်။ ကဲ ... သွားမယ်။ မယ်မြရေ ... ငါတို့သွားပြီဟေ့"

"ကွ ... ကွ ရေထဲက ငါးတွေလည်း မူးလဲကုန်ဦးမယ်"

"ကောင်းတာပေ့ါကွာ။ ငါးဟင်းစားရတာ ပေ့ါ"

ဦးတုတ်ကြီးက နည်းနည်းမှ အကျောခံသူ မဟုတ်ပါချေ။ အထူးသဖြင့် ဒေါ်မြအပေါ် ဖြစ်သည်။

"မြန်မြန်ပြန်လာကြနော်။ ကျုပ်လည်း ချိုးဦး လျှော်ဦးမယ်"

"စောင့်နိုင်မှ စောင့်။ ကြာမယ်"

ဦးတုတ်ကြီးသည် မမှိမကမ်း လှမ်းအော်ဖြစ်အောင်

အော်လိုက်သေးသည်။

လမ်း၌ ဆိုင်တဆိုင်တွေ့၍ ရွှေဝါဆပ်ပြာတခဲ ဝယ်သည်။ ခုနှစ်ဆယ့်ငါးကျပ်မို့ တစ်ရာ ပြည့်သွားအောင် နေကြာစေ့ စကလေးချေးကြော်ပင် စာလိုက်ရသေး၏။

“ဟာ … ရေကကြည်စိမ့်နေတာပဲနော်”

တသွင်သွင် စီးနေသောချောင်းရေကိုကြည့်ပြီး လွေးပြောသည်။

ကလေးများသည် မိမွေးတိုင်းဖမွေးတိုင်းပင် အမြင့်မှ ရေထဲ ခုန်ချနေကြသည်။

“အထင်တော့မသေးနဲ့လွေးရေ။ ရေတော့တော်တော် နက်ပုံရတယ်”

ရေအောက်ရှိကျောက်ခဲများကို မြင်နေရသော်လည်း ဦးတုတ်ကြီးက ရေထဲမဆင်းရသေးဘဲ ရေနက်တယ်ဟု ပြောနေပြန်သည်။ လွေးဘဝင်မကျချေ။

“မယုံဘူးလား။ ဟိုကလေးတွေ ဒိုင်ဗင်ပစ်နေတယ်လေ။ ရေတိမ်ရင် သေကုန်မှာပေါ့ကွ”

လွေးနှုတ်ခမ်းလေး ချွန်သွားသည်။ ကျောက်တုံးအမြင့်ကြီးပေါ် ကုတ်ကပ်တတ်ပြီး ထိပ်ဆုံးရောက်မှ ရေထဲခုန်ချနေသော ကလေးများကို ငေးကြည့်ဖြစ်သည်။

တချို့က ဒိုင်ဗင် ပစ်သည်။ တချို့သာ ရိုးရိုး ခုန်ချသည်။ ကလေးများသည် ရေစီးအတိုင်း အလိုက်သင့် စုန်မျှော်လိုက်၊ ကမ်းပေါ်ပြန်တက်လိုက် ပြန်ခုန်ချလိုက်နှင့် ကိုယ့်အာရုံနဲ့ကိုယ် ဆော့ နေကြသည်။

“လွေး … လာကွာ။ ဘာငေးနေတာလဲ”

ဦးတုတ်ကြီးသည် ကျောက်ပြားကြီးတချပ်ပေါ် ကျကျနန ထိုင်ပြီး သယ်လာသော ပုဆိုးကို စတင်လျှော်ဖွပ်သည်။ လွေးတို့နည်းတူပင် ကမ်းစပ်၌

အဝတ်လျှော်သူ အချို့ရှိနေသည်။ သို့သော် ဦးတုတ်ကြီးလို ယောကျ်ားများ မဟုတ်ဘဲ လုံချည်ရင်လျားနဲ့ ခပ်ဂဂ အမျိုးသမီးများသာ ဖြစ်သည်။

"နတ်ခိုင်းစားနေတာလေ"

ဆော့နေကြသော ကလေးများကို ရည်ညွှန်းပြီးပြောသော စကားဖြစ်သည်။

လွေးသည် ပုဆိုးတထည်ကို ဆပ်ပြာတိုက်ပြီး ပွတ်ရင်း ကြည်စိမ့်သောရေကို ငေးကြည့်သည်။

"သွားလေရာ ဒီလိုချောင်းမျိုးရှိရင် ကောင်းမယ်ဟော့။ အသိနောက်ကျလိုက်တာ။ ငါက ဒီလိုရေကြည်မယ် မထင်ထားဘူး"

"ချောင်းရှိတာကိုတော့ သိတယ်ပေါ့"

"သိတာပေါ့။ ရှေးလူကြီးတွေထဲမှာလည်း ပညာရှိတွေ ပါပါတယ်ကွ။ ရွာတရွာတည်ဖို့ အတွက် အရင်ဆုံး လမ်းပန်းဆက်သွယ်ရေး ကိုဂရုစိုက်ကြတယ်။ ရေကြောင်း၊ ကုန်းကြောင်း၊ ကုန်းကြောင်းမသာတဲ့နေရာဆို သေချာပေါက် ရေကြောင်းသာမှာပဲ။ နှစ်ခုလုံးသာတာလည်း ရှိတာပေါ့။ မသာရင် ရွာကတည်တံ့ခိုင်မြဲမှု မရှိဘူး။ နေရတာ အဆင်မပြေရင် ပြောင်းကုန်ကြမှာပဲ။ ဒီလို မြို့ဆိုတာ ဖြစ်မလာနိုင်ဘူး။ ဟုတရွာမှာ ဒီရွာနဲ့သက်ဆိုင်တဲ့မြစ်၊ ဒါမှမဟုတ် ချောင်းငယ်လေး ရှိကိုရှိရမယ်။ ဒါမှရွာဖြစ်တာ"

"ဦးတုတ်ကြီးက အရမ်းတော်တာပဲ"

"ဒါပဲလေကွာ။ ဒါကိုလွှာသုံး"

ဦးတုတ်ကြီးက လက်ညှိုးဖြင့် မိမိခေါင်းကို ထိုးပြသည်။

"ဒီမြို့လေးက နေရတာ အဆင်ပြေတယ်ကွ။ သန့်တယ်။ ရိုင်းပင်းကြတယ်။ အစားအစာလည်းပေါတယ်။ မြေနေရာလည်း ကောင်းတယ်။

မြို့ကြီးပြကြီးကလွဲရင် ဒီမြို့ဟာ အခြေချသင့်တဲ့မြို့ပဲ”

“အခြေချတယ်ဆိုတာ ဘာလဲ”

“အိမ်နဲ့ယာနဲ့ ကောင်းကောင်း လုပ်ကိုင်စားတာပေါ့”

“ဒါဆို ဦးတုတ်ကြီးတို့လည်း ဒီမှာ အခြေချလေ”

“မရဘူးကွ။ ငါတို့က ခြေသလုံးအိမ်တိုင်သမားတွေ။ မနေနိုင်ဘူး။ ငါတို့ဗီဇက နေလို့မရတာ ။ ငါတို့အတွက် အိမ်မလိုဘူးကွာ။ အတွေ့အကြုံပဲလိုတာ”

“အတွေ့အကြုံဟုတ်လား”

“ဒါပေါ့ကွ။ ငါတို့လောက် အတွေ့အကြုံများသူ လောကမှာ ရှိဦးမလား။ ခု ... မင်းပဲကြည့်လေကွာ။ ခုမှဆယ့်နှစ်နှစ်။ ရွယ်တူတွေထက် အတွေ့အကြုံ ပိုကောင်းတယ်။ငါတို့ လင်မယားနဲ့တွေ့တာ တစ်နှစ် မပြည့်သေးဘူး။ ဒီကြားထဲ မင်းဘယ်မှာနေပြီး ဘာတွေလုပ်ခဲ့လဲဆိုတာ မင်း အသိဆုံး ဖြစ်မှာပါ။ ရွာတူတွေထက် မင်းခေါင်းတလုံး ပိုမြင့်တယ်။ စာမတတ်တာက လွဲလို့ပေါ့”

“ကျွန်တော် စာသင်ချင်တယ်”

“သင်ပေါ့ကွ”

“ကျောင်းထိုင်ဘုန်းကြီးကို ဦးတုတ်ကြီးလိုက်ပြောပေးပါလား”

“ဟေ”

ဦးတုတ်ကြီးသည် ဘယ်နှခါတိုက်တိုက် ချေး(ဂျေး) မပြောင်သောပုဆိုးကို ရေညှစ်ရင်း လွေးကို အံ့အားသင့်စွာကြည့်သည်။ ဦးတုတ်ကြီး၏ မျက်လုံးသည် စကားလုံးများစွာ ရေရွတ်နေခဲ့သည်။ တကယ်ပြောတာလား။ မင်းကဘုန်းကြီးကျောင်းသား လုပ်မလို့လား။ စာသင်မယ်ဆို မင်း ဒီမှာ နေထားခဲ့ရမှာနော်။ မင်းနေနိုင်လို့လား ... ဆိုတာမျိုးက အခြေခံသဘော တရားပါနေသည်။ ထိုအကြည့်နောက်ကွယ်တွင် စိတ်မချခြင်းက လေးနက်စွာ

ပျော်ဝင်နေ၏ ။

သွေးမတော် သားမစပ်သော်လည်း လိမ်မ္မာပါးနပ်သော လွေးကို လပိုင်းအတွင်း သံယောဇဉ်ဖြစ်မိနေပါပြီ။ နေရာဒေသ အစွဲ၊ မိတ်ဆွေအစွဲ မထားတတ်သော်လည်း ဦးတုတ်ကြီး သည်ငယ်ရွယ်သော လွေးကို စွဲနေမိသည်။ လွေးနဲ့အတူ စားသောက်သွားလာရသည်ကို ပျော် သည်။အရုပ်ရောင်းသော လမ်းနေလူကြီးမို့ မည်သူမျှအထင်မကြီးကြသော်လည်း လွေးက အထင်ကြီးပေး၍ ကျေနပ်သည်။ ထို့ကြောင့်လားမသိ။ လွေးကို သာမန်ထက်ပိုခင်မိသည်။

"မင်းတယောက်ထဲ နေထားခဲ့မှာလား"

လိုက်လာစဉ်ကလည်း တစ်ယောက်တည်းဆိုသော်ငြား စိတ်မချသလိုဖြစ်နေသည်။ ရပ်စိမ်း၊ ရွာစိမ်းမှာ နေရခြင်းက ရိုးအီနေသော်ငြား ကလေးတစ်ယောက်တည်း ထားခဲ့ဖို့တော့ မိုက်ရူးရဲ ဆန်လွန်းသည်ဟု ဦးတုတ်ကြီးထင်သည်။

ဦးတုတ်ကြီးသည် မိမိအား မမှိတ်မသုန် စိုက်ကြည့်နေသော လွေးဆံပင်ကို ခပ်ဖွဖွ ကိုင်သည်။

စေးပျစ်ပျစအထိအတွေ့ကို ရ၏ ။

"ခေါင်းလျှော်လိုက်ဦး။ မင်းဆံပင်ကလည်း ပလူမွေး ပလူတောင်ဖြစ်နေပြီ။ သွားချိုးတော့ ငါလျှော်လိုက်မယ်။ မင်းကိုယ်ပေါ်က ချေးကွက်က ရေစိမ်ထားမှ ပွမှာ"

ဦးတုတ်ကြီးစကားဆုံးသည်နဲ့တပြိုင်နက် လွေးသည် ကျောက်ပြားပေါ်မှ မရဲတရဲဆင်း သည်။

ရေသည် ကမ်းစပ်၌ ပင် လွေး၏ ရင်ခေါင်းကိုထိချင်နေသည်။ လွေးဆက်မဆင်းရဲတော့ပေ။ သုံးလှမ်းမျှဆက်ဆင်းပါက ကျော်ခဲရေထဲနစ်သလို

ပလုံဆိုပြီး ပေါ်လာတော့မည် မဟုတ်တော့။

“ကျွန်တော် ပြန်တက်ခဲ့တော့မယ်။ ရေကနစ်တယ်ဗျ။ အောက်မှလည်း ကျောက်ခဲသေးသေးလေးတွေ ရှိတယ်။ ခြေထောက်စူးတယ်”

“ခဏစိမ်ထားပါဦးကွာ။ ငါအဝတ်လျှော်ပြီးတဲ့အချိန်ဆို မင်းကျောကချေးတွေ ပွလောက်ပြီ”

အေးသောရေ၏ အထိကို လွေးကြိုက်သည်။ ရေထဲစိမ်လိုက်တော့လည်း ပျော်လာသလို ခံစားရသည်။ အဝတ်လျှော်နေသောမိန်းမကြီးများနှင့် ဦးတုတ်ကြီးကို ယှဉ်ကြည့်မိသည်။ လွေး ပြုံး လာ၏ ။

“ဘာပြုံးတာလဲ”

“ဦးတုတ်ကြီးက မိန်းမကြီး ကျနေတာပဲ”

“တခါတရံ ငါတို့ယောကျ်ားတွေလည်း မိန်းမဖြစ်ရတဲ့အခါ ရှိတယ်”

“ဘယ်အချိန်လဲ”

“မိန်းမကို ကိုယ့်ထက်ပိုချစ်မိတဲ့ အချိန်ပေါ့ကွာ ...”

“ချစ်တယ်ဆိုတာ ဘာကိုပြောတာလဲ”

“အဲ ... ဘယ်လိုပြောရမလဲ။ မင်းနားလည်အောင်ပြောပြရရင် စေတနာရှိသွားတာကွာ။ ဟား .. ဟား ... ဟား... မင်းက တော်တော်မလွယ်တဲ့ကောင်ပဲ”

ဦးတုတ်ကြီးသည် ကွမ်းစားသွား နီနီကြီးပေါ်အောင် တဟားဟားဟား ရယ်သည်။ ဆပ်ပြာနှင့် တိုက်ချွတ်လျှော်ထားသော အကျႌများကို ရေတွင်ဆေးကြောပြီး ညှစ်ကာ ကျောက်တုံး ပေါ်လှမ်း၏ ။

“လာကွာ။ မင်းကျောကို ငါချေးတွန်းပေးမယ်”

ဦးတုတ်ကြီးစကားကြောင့် လွေးကကြောင်တောင်တောင်ပင် ရေထဲကထွက်ကာ ကုန်းပေါ် တက်လာ သည်။

"မင်းကိုဘယ်သူတွေကများ မွေထားတာလဲ လွေးရယ်"

ဆပ်ပြာနဲ့ ကျောကိုတိုက်ရင်း ဦးတုတ်ကြီးက ညည်းတွားသလို ပြောသည်။

"ဒီလိုကလေးသေးသေးလေးက ဘယ်ကလာမှန်းမသိ၊ ဘယ်သွားမှာမှန်းလည်း မသိဘူး"

"ကျွန်တော် ဦးမြတို့ ပွဲရုံက လာတာလေ။ ဦးတုတ်ကြီးကို ပိုသဘောကျလို့"

"ခုတော့ ငါ့ထက် ဘုန်းကြီးကျောင်းကို ပိုသဘောကျသွားပြီ မဟုတ်လား"

လွေးပြုံးသည်။ သို့သော် လွေး၏ အပြုံးထဲတွင် နာကျင်ခြင်းများ ပျော်ဝင်နေသည်။ ထို့ ကြောင့်ပြုံးနေသော နှုတ်ခမ်း၏ အထက်တွင် မျက်ရည်များဝေ့သီနေသော မျက်ဝန်းတစုံ ရှိသည်။

"ဦးမြထက် အရင်ဘယ်မှာနေတာလဲ"

"မောင်ရှိုင်းအဖွဲ့မှာ"

မောင်ရှိုင်းအဖွဲ့ဆိုသည်မှာ မျက်လှည့်အဖွဲ့ဖြစ်သည်။ အဖွဲ့က ကြီးသည်။ ကိုယ်ပိုင်ကား နှင့်သွားလာပြီး မျက်လှည့်ပြသော အဖွဲ့ဖြစ်၏ ။ ထိုမောင်ရှိုင်းအဖွဲ့သည် မန္တလေးမြို့တွင် အခြေစိုက်သည်။ လူဝင်လူထွက်များသည်။ မွေးစပေါက် အူဂဲမှစ၍ သေခါနီး အဘိုးအိုအထိ အလုပ်ထဲအကျုံးဝင်သူ မှန်သမျှရှိသည်။

မောင်ရှိုင်းအဖွဲ့သည် ဆပ်ကပ်ရော မျက်လှည့်ပါ ပူးပေါင်းတင်ဆက်၍

ပရိသတ်ပေါ်များ သည်။

“ကျောကိုကြည့်ရတာ လူတော်လူကောင်း ဖြစ်မယ့်ပုံပဲ။ မှန်း ... မင်းရဲ့လက္ခဏာ”

“ဦးတုတ်ကြီးက ဗေဒင်ကြည့်တတ်လို့လား”

“လူစုံနဲ့နေလာတာပဲကွာ။ အကျွမ်းကြီးမဟုတ်ရင်တောင် တီးမိခေါက်မိတော့ ရပါတယ်”

ဦးတုတ်ကြီးသည် လွေးကို မိမိနှင့် မျက်နှာချင်းဆိုင် ဆွဲလှည့်ပြီး လက်ဝါးဖြန့်ကြည့်သည်။

“မင်းလက်က ခွက်လေးပဲ”

“ဟာ ... ဦးတုတ်ကြီးက လုပ်ပြီ”

လွေးသည် ခွေးလက်လို့ အပြောခံရ၍ ရှက်ပြီး ရေထဲသို့ ဆင်းသွားသည်။

“မင်းဘာလို့ ဒီရွာမှာနေထားခဲ့ချင်တာလဲ”

“နေချင်လို့”

“ငါတို့နဲ့ခွဲရတာ ရော ဝမ်းမနည်းဘူးလား”

“တစ်နေ့ပြန်တွေ့မှာပဲ”

“မတွေ့ရင်ရော”

“တွေ့မှာပါဗျာ။ အဲဒီ အချိန် ကျွန်တော် ဦးတုတ်ကြီးထက်ပါ တော်ရင်တော်နေမှာ”

ဦးတုတ်ကြီး ပြုံးသည်။

ရေထဲ ယက်ကန်ယက်ကန်နဲ့ လုပ်နေသော လွေးကို

ေးကြည့်နေဖြစ်သည်။

ကိုယ်ခန္ဓာသေးကွေးသည်မှလွဲ၍ နဖူးရည် ဒူးရည်ကောင်းသော လွေးကို ဦးတုတ်ကြီး ချစ်သည်။

သို့သော် လွေးနဲ့ခွဲရပေဦးမည်။

စိတ်မကောင်းသော်လည်း လွေးကို ထားခဲ့ရပေဦးမည်။

ဦးတုတ်ကြီး မျက်ရည်စို့မိသည်။ ဖြစ်မလာသေးသော ကံကြမ္မာကို ကြိုသိနေ၍ တိတ်တဆိတ်ကြေကွဲနေခြင်းသာ ဖြစ်တော့၏ ။

*******

(၃)

လွေးနှင့် ဦးတုတ်ကြီးသည် ဆရာတော်ဘုရားအား ဦးသုံးကြိမ်တိုက်၍ ကန်တော့သည်။

"ဒါဆို တပည့်တော်ကို ခွင့်ပြုပါဦး ဆရာတော်ဘုရား။ တပည့်တော် ခရီးထွက်ရဦးမှာ မို့လို့ပါ"

"အေး ... ကောင်းပြီ ကောင်းပြီ"

ဦးတုတ်ကြီးသည် လက်အုပ်ချီပြီး နောက်ဆုတ်ကာ ရိုရိုသေသေထွက်လာခဲ့သည်။

"ဦးတုတ်ကြီး"

နဂိုကတည်းက မပြတ်သော သံယောဇဉ်သည် ထိုအော်သံကြောင့် ခြေဆက်မလှမ်းချင် တော့ပဲ ရပ်တန့်သွားသည်။ လှည့်ကြည့်ချင်ပါရက် မလှည့်ကြည့်နိုင်ပါ။ မျက်ရည်တွေကို လွေး တွေ့သွားပါက မိမိအပေါ် လွေး အထင်သေးသွားမည် စိုးရိမ်သည်။ သို့သော် လွေးကိုလည်း လှည့်ကြည့်ချင်သည်။ ဘယ်အခါမှ ဆုံမှန်းမသိ၍ အလွတ်ရသွားအောင် အားပါးတရ ကြည့်လိုက်ချင်သည်။ ထို့ကြောင့် ဝေ့သီနေသော မျက်ရည်စများကို ပုတ်ခတ်ဖယ်ရှားနေသည်။ နှာခေါင်းကတော့ မူလအတိုင်း ဖြစ်မသွားချေ။ ရင်ထဲဆို့နစ်နေသည်။ အသက်ရှူပင် မမှန်ချင် တော့ပါ။ သို့သော် ပြုံးပြီး လှည့်ကြည့်နိုင်ခဲ့သည်။

"အေး ... ဘာလိုလို့လဲ"

"ဘာ ... မှတော့ မလိုပါဘူး"

လွေးအသံက ပြာအက်နေသည်။ မျက်ဝန်းတွေက သိမ်ငယ်နေသည်။ ဘယ်တုန်းကမှ မတောက်ပဖူးသော လွေး၏ မျက်လုံး အရောင်သည်ဖျော့တော့၍ နေပါပြီ။

ဦးတုတ်ကြီးသည် လွေးကို အားပါးတရ ပွေ့ဖက်ချင်သောငြား စိတ်ကိုတင်းပြီး အံကိုခဲ ထားသည်။ အကယ်၍ လွေးကိုသာ ပွေ့ဖက်မိပါက မျက်ရည်သည် ထိန်းရနိုင်မှန်း မဟုတ်တော့မှန်း ဦးတုတ်ကြီး သဘောပေါက်သည်။ လူနှစ်ယောက် ခွဲခွာခါနီး တွင် ငိုယိုနေခြင်းက ဘယ်သူ့အတွက်မှ အကျိုးမရှိမှန်း ဦးတုတ်ကြီးသိ၏ ။

ဦးတုတ်ကြီး၏ ဂမ်းထဲတွင် လွေးအတွက် စေတနာ၊ မေတ္တာ အပြည့်ရှိသည်။ တိုးတက်ကြီးပွားစေချင်သည်။ အမှီအခိုမရှိတဲ့ ထိုကလေးကို လောကအလယ်တွင် ခိုင်ခိုင်မာမာ ရပ်တည်စေချင်သည်။ စာတတ်ချင်သော ထိုကလေးကို ပညာတံခွန် ထူစေချင်သည်။ ထို့ကြောင့်ပင် ဇနီးဖြစ်သူ မမြနဲ့ စကားများခဲ့ကြသည်။ မမြသည် လွေးကို ဂမ်းဂရုံကျွေးပြီး လက်တိုလက်တောင်း ခိုင်းရ၍ မထားခဲ့ချင်ပါ။

သို့သော် ဦးတုတ်ကြီးတွေးသည်။ လွေး၏ နဖူးရည် ဒူးရည်သည် သူများခိုင်းဖတ် မဖြစ်နိုင်ပါ။ လွတ်လပ်စွာ ပျံသန်းမည့် ငှက်ငယ်မျိုး ဖြစ်၏ ။ ထို့ကြောင့် တောင်ပံတွေ ချိုးမပစ်နိုင်ပါ။ တောင်ပံမတပ်ပေးနိုင်သော်ငြား ထွက်ပြူစ တောင်ပံကို နုငယ်ချိန်၌ ရိုက်ချိုးမပစ်နိုင်ပါ။ ရိုက်ချိုး လည်းမရချေ။ လူတယောက်၏ ဗီဇသည် ဂမ်းတွင်းမှာသာ ရှိ၏ ။

"အားငယ်နေတာလား လွေး"

လွေး ပြန်မဖြေချေ။ ဦးတုတ်ကြီးကိုသာ မော့ကြည့်နေ၏ ။ ဦးတုတ်ကြီးသည် လွေး၏ လက်ကို ဆွဲပြီး ခြင်္သေ့ကြီး ဂမ်းဗိုက်အောက်တွင် ထိုင်စေသည်။ ပြီးနောက် မြေပြင်ပေါ် တုတ်ချောင်းဖြင့် လေ့ကားပုံ ရေးဆွဲခြစ်သည်။

“ဒီလိုပုံရအောင် အောက်ခြေကနေ စဆွဲရတယ်ကွ။ မင်းလည်း ဒီလိုပဲအောက်ခြေက စဆွဲရမယ်။ မင်းနဲ့ရွယ်တူတွေ မင်းထက် တတ်နေကြမယ်။ ဒါအားငယ်စရာမဟုတ်ဘူး။ ပုရွတ်ဆိတ်များ အစာစုသလိုပေါ့ကွာ။ နိုင်သလောက်သယ်၊ ရသလောက်စုပေါ့။ မြေစာတွေ ပုံပန်များရင် တောင်ပို့တော့ ဖြစ်လာမှာပဲ။ ပညာဆိုတာ အဆုံးမရှိပါဘူး။စာဆိုတာ တတ်ချင်ရင် သင်လို့ရတယ်။ အရေးကြီးတာက တွေးခေါ်တတ်ဖို့ပဲ။ကျောင်းပညာရေးကိုသာ လိုက်နေရင် ဆုံးနိုင်မှာ မဟုတ်ဘူး။ ကျောင်းပညာရေးကိုပဲ အားကိုးနေရင် မင်းက သူများခိုင်းတာပဲ လုပ်ရမယ်။ အဓိက ကဒါရှိဖို့ပဲ”

ဦးတုတ်ကြီးသည် ခေါင်းကို လက်ညှိုးနဲ့ထိုးပြသည်။

“အတွေးအခေါ် ကောင်းကောင်းရှိရမယ်။ တွေ့သမျှမြင်သမျှကို သင်ယူနိုင်စွမ်းရှိရမယ်။ ပညာဆိုတာ အတန်းပညာနဲ့ ပိုင်းဖြတ်လို့မရဘူး။ ဘာနဲ့မှတိုင်းတာလို့မရဘူး။ အရေးကြီးတာ အတွေးအခေါ်ပဲ။ ဘယ်သူ့ကိုမှ လည်း အထင်ကြီးဖို့ မလိုဘူး။ အထင်သေးဖို့လည်း မလိုဘူး။လူတိုင်းမှာ ကိုယ်အားသန်ရာသန်ရာ ရှိကြတယ်။ ကိုယ်ပိုင်အရည်အချင်း ရှိကြတယ်။ ဒါကြောင့်မိဘမရှိဘူး။ အိမ်မရှိဘူး ဆိုတာမျိုးနဲ့ အားငယ်စရာအကြောင်း မရှိဘူး။ သင်ယူပါ။ လေ့လာပါ။ ဆရာကောင်းကိုရှာပါ”

“ဆရာကောင်း ဟုတ်လား။ အဲ့ဒါ ကျွန်တော် ဘာလုပ်ရမလဲ”

“လူတယောက်ဟာ ဘဝအတွက် စံပြတယောက်တော့ ရှိရတယ်။ အဲ့ဒါမှ အိပ်မက်က ရှိလာမယ်။ ပန်းတိုင်က ရှိလာမယ်။ စံပြပုဂ္ဂိုလ်ပေါ့ကွာ။ မြင်ဆရာကြားဆရာပေါ့။ သင်ဆရာလည်း ဟုတ်ချင်ဟုတ်နေမှာပဲ။ ဆရာကောင်းကိုရှာပါ လွေး။ အဲ့ဒါ ဦးတုတ်ကြီးမင်းကို ပေးနိုင်တဲ့ အကောင်းဆုံး စကားလက်ဆောင်ပဲ။ ဆရာတင် မမှားစေနဲ့ ဆရာကောင်းကို ရှာပါကွာ ... နော်။ ကဲ ... ငါလည်း သွားတော့မယ်။ ကားလည်းင့ါကို စောင့်နေလောက်ပြီ”

“ဦးတုတ်ကြီးနဲ့ ကျွန်တော် ဘယ်တော့ပြန်တွေ့ရမလဲ”

ဦးတုတ်ကြီးသည် ထရပ်နေရာမှ ငြိမ်ကျသွားသည်။ မျက်နှာလွဲပြီး ကျောခိုင်းလိုက်သည်။

“ငါတို့က ခြေသလုံးအိမ်တိုင်သမားတွေပဲ။ တနေ့နေ့ပေ့ါကွာ။ ကံမကုန်ရင် ထပ်တွေ့ကြတာပေ့ါ”

ဦးတုတ်ကြီးသည် ပြောပြီး လှည့်မကြည့်တော့ပဲ ထွက်ခွာသွားသည်။ လွေးရင်ထဲ ဂမ်းနည်းသွားသည်။ ရင်ဘတ်တခုလုံး နာကျင်လာသည်။ လက်များတုန်ယင်လာသည်။ အသက်ရှူ နှုန်းသည်လည်း မမှန်ချင်တော့ပါ။ ရပ်နေမိလျက်သားပင် မျက်ရည်ကျလာသည်။ ဦးတုတ်ကြီးက တကြိမ်လေး လှည့်ကြည့်ပါစေဟု ဆုတောင်းမိသည်။

သို့သော် လွေးဆုတောင်း မပြည့်ခဲ့ချေ။ တဖြည်းဖြည်း ထွက်ခွာသွားသော ဦးတုတ်ကြီး ခြေလှမ်းများသည် ဝေးသည်ထက် ဝေးသွားသည်။

အာခေါင်ခြစ်ကာ အားပါးတရ ငိုကြွေးလိုက်ချင်သည်။

သို့သော်ထိုသို့ မလုပ်ရမှန်း လွေးသိ၏ ။ လွေးနဲ့ဦးတုတ်ကြီးက ဘာမှသွေးသားမတော် စပ်ပေ။ ဦးတုတ်ကြီးကို မခွဲနိုင်၍ လိုက်နေပါက လွေး ဘယ်တော့အခါမှ စာတတ်တော့မည် မဟုတ်ချေ။

မြင်နေရသော ဦးတုတ်ကြီး၏ ကျောပြင်ကို မတွေ့ရသောအခါ လွေးစိတ်ထဲ သိမ်ငယ်ခြင်း များစတင် ဝင်ရောက်လာသည်။

တလောလုံးတွင် လွေးတယောက်တည်း အသက်ရှင်နေသလို ခံစားရသည်။ ခြသေ့ရုပ်တုကြီးကို မော့ကြည့်မိသည်။ ခြသေ့ကြီးက အသက်မရှိချေ။ ဖြတ်သွားဖြတ်လာများရှိ သော်လည်း ထိုသူများသည် လွေးနဲ့မသက်ဆိုင်ပေ။ မိုးကောင်းကင်ကို မော့ကြည့်သည်။ လွေး ရပ်နေရာသည် ကျဉ်းမြောင်းလာ၏ ။

ကျောင်းဝင်ပေါက်ကို ကြည့်ပြန်သည်။ ကျောင်းဝင်းကြီးသည် ကျယ်လွန်းနေသည်။ ခပ်လှမ်းလှမ်းမှ စာအသံများကိုလည်း လွေးကို ခြောက်လှန့်နေသည်။မဝင်ရဲချေ။ မဝင်ဝံ့ချေ။ ဘုန်းကြီးသာ လက်မခံပါက လွေးထံတွင် ပြေးစရာ မြေမရှိတော့ချေ။ လွေးဘယ်မှာနေရမလဲ။

"အဲ့ဒါ နင့်အဖေလား"

ခပ်စာစာအသံတခု ဖြစ်သည်။စီးကျနေသော မျက်ရည်ကို ချက်ချင်းသုတ်ပစ်သော်လည်း ရုတ်တရက် အပြောင်မသုတ်လိုက်နိုင်ပါ။

ထိုအသံရှင်သည် လွေးနဲ့မျက်နှာချင်းဆိုင်သို့ရောက်လာသည်။ ပြီးနောက် လွေး၏ မျက်နှာကို သေချာစိုက်ကြည့်သည်။ သူကချစ်ပန်းနှင်းဆီ။

"နင်ငိုနေတာလား"

လွေး ပြန်မဖြေပါ။ ခေါင်းသာယမ်းပြသည်။ စကားပြောလိုက်ပါက ပြာအက်အက်ဖြစ်နေမည့် အသံကို ရိပ်မိ၍ ဖြစ်သည်။

"မလိမ်တတ်ပဲနဲ့လိမ်ပြန်ပြီ"

ချစ်ပန်းနှင်းဆီသည် ခပ်ပိုင်ပိုင်ပြောပြီး အုတ်ခုံပေါ်ထိုင်သည်။

"နင်က ပွဲဈေးကလား။ ငါကနင့်ကို တောင်ပိုင်းသား မှတ်နေတာ"

ဦးတုတ်ကြီးကို ချစ်ပန်းနှင်းဆီ သိနေပုံရသည်။

"နင့်ကို ဒီမှာထားခဲ့တာလား"

"ငါကနေခဲ့တာပါ"

"ဘာလို့လဲ ... နင်မကြောက်ဖူးလား။ ငါဆို မိဘတွေမရှိဘဲ မနေနိုင်ဘူး။ ပြန်ပို့ပေးဖို့ပဲ ငိုနေတာ။ ပြန်မပို့မပေးချင်းပဲ"

"ငါ့မှာ မိဘမှမရှိတာ"

ပီကေကို တပွတ်ပွတ်ဝါးနေသော ချစ်ပန်းနှင်းဆီ၏ နှုတ်ခမ်းသည် ငြိမ်သွားသည်။ လွေးထံသို့ ငေးကြည့်နေသည်။ ထိုအကြည့်များတွင် မေးခွန်းများစွာ ပါဝင်နေသော်လည်း မေးခွန်း တခုကိုမှ တိတိကျကျ မဆိုနိုင်ပေ။

"ပြီးတော့ ငါက စာလည်းမတတ်ဘူး။ ဒီမှာနေခဲ့တာက စာသင်မလို့"

"စာသင်တာက ကျောင်း ... အဲ ..."

"ကျောင်းကရော ဘယ်လိုနေရတာ လဲ"

"အမေ ... အဲ ... နင့်မှာအမေမှ မရှိတာ"

"အမေတွေ အပ်ပေးမှ နေလို့ရတာ လား"

ချစ်ပန်းနှင်းဆီ ပြန်မဖြေပဲ ခေါင်းငုံ့နေသည်။

လွေးရင်ထဲ ဆွေးသွား၏ ။ ထို့ကြောင့်ပင် ချစ်ပန်းနှင်းဆီကို ကျောခိုင်းပြီး ကျောင်းဝင်းထဲ ဝင်လာသည်။

"ဟေ့ ... မောင်ကျောင်းသား အထုပ်မပြီး ဒီလာဟေ့ .. မင်းတော့ ငါနဲ့ပဲ နှစ်ပါးသွားရမှာပဲ"

သျှောင်ထုံးကြီးနဲ့လူသည် လွေးကို လှမ်းခေါ်သည်။

လွေးစိတ်ထဲ ပျော်သွားသလို ဖြစ်သွားသည်။ မောင်ကျောင်းသားဟု ခေါ်၍ လား။ လွေးကို ဂရုတစိုက် စကားပြော၍ လားဆိုတာ ရေရေရာရာ မသိသော်လည်း နေရာတနေရာ ရမှာမို့ ပျော်သည်။

ထို့ကြောင့် ဦးတုတ်ကြီး ပေးထားသော အထုပ်ကိုပိုက်ကာ ထိုလူကြီးနောက် လိုက်လာခဲ့ သည်။

ထိုသျှောင်နဲ့လူသည် လွေးအား နေရာတခု ညွှန်ပြသည်။

"မင်းအထုပ်တွေကို အဲ့မှာထား။ ဒါငါတို့အိပ်ရမယ့်နေရာပဲ"

လွေးပျော်သွားသည်။ ဒီလိုကျယ်သောနေရာမှာ လွေးမအိပ်ခဲ့ဖူးတာ အမှန်ပါ။ ခုတင်နဲ့ဆို ဝေးရောပေါ့။ ခုတော့ ကုတင်နဲ့ ခြင်ထောင်နဲ့ စောင်နဲ့ ခေါင်းအုံးမို့ တော်တော် ဟန်ကျလှသည်။

“ငါ့နာမည်က မောင်နက်။ ဒါပေမယ့် မင်းကတော့ ဦးနက်လို့ခေါ်ပေါ့ကွာ။ ငါက ကျောင်းမှ ကပ္ပိယ။ အများခေါ်တော့ ဘုရားလူကြီးပေါ့ကွာ။ မနက်စောစောထရမယ်။ အရဏ်ဆွမ်းပို့လာတဲ့ ချိုင့်တွေကို ကြိုရမယ်။ နေ့ခင်းဘက် စာသင်ရမယ်။ ဦးပဥ္စင်းပေါက်စ ကသင်ပေးလိမ့်မယ်။ ဒီဦးပဥ္စင်းက စာသင်တာ အင်မတန် ဝါသနာကြီးတာကွ။ မင်းတော့ ရေငတ်တုန်း ရေတွင်းထဲကျ သလိုဖြစ်နေပြီ”

လွေး ပျော်သွားသည်။ မကြာခင်စာသင်ရတော့မှာပါလားဆိုသည့် အသိကြောင့် တကိုယ်လုံး လန်းဆန်းသွားတာ။ အများနဲ့ရောပြီး သံပြိုင်အော်ချင်သည်။

အများနဲ့အတူ စသင်ရတော့မှာပါလားဟု တွေးရင်း ပျော်နေသော ပျော်ရွှင်ခြင်းသည် တကယ်တမ်းသင်ရချိန်၌ ပျောက်ပျက်သွားကုန်သည်။

စာသင်ခန်းမဟုတ်ဘဲ စားပွဲခုံတွင် ဖြစ်သည်။

အများနဲ့မဟုတ်ဘဲ တယောက်တည်း သီးသန့်ဖြစ်နေသည်။

“မင်း … စာမသင်ဖူးဘူးဆို”

“ဟုတ်”

“သံဃာနဲ့စကားပြောရင် တင်ပ့ါလို့ပြောရတယ်”

လွေးသည်ယောင်နနပင် လက်အုပ်ချီပြီး …

“တင်ပ့ါ”

“လက်အုပ်တော့ ချီစရာမလိုပါဘူးကွာ။ ငါလည်းဘုန်းကြီးမှ

မဟုတ်တာ။ ပေါက်စပဲ။ မင်းကို ဂလုံးက စသင်မှဖြစ်မယ်။ ရော့ ... ဒီမှာခဲတံ။ ငါကကျောင်းဆရာတွေလိုတော့ အတန်းတက် စနစ် နဲ့သင်မှာမဟုတ်ဘူး။ ဗမာစာဆို ရေးတတ်ဖတ်တတ်ရုံပေါ့။ စာဆိုတာ သင်နေရုံနဲ့မှ မပြီးတာ။ လေ့လာဖို့အရေးကြီးတယ်”

လွေးပျော်စပြုလာသည်။

“ဟိုမှာ ဘုန်းကြီးသင်ပေးနေတာက စာဖတ်တတ်ပြီးသား ကလေးတွေ။ မင်းလည်းတတ်တော့ သူတို့နဲ့ရောသင်ပေ့ါ။ တစ်နှစ်လောက်တော့ အချိန်ယူရမှာပဲ။ မင်းက ငါ့ရဲ့ ပထမဆုံးတပည့်ဆိုတော့ ထွန်းပေါက်အောင် သင်ရမယ်”

“တင်ပ့ါ”

“အဲ့ဒါ တခြားဘုန်းကြီးတွေကို ပြောဖို့အတွက်ကွာ။ ငါ့ကိုတော့ ရိုးရိုးဟုတ်ဆိုရတယ်။ မင်းကို သီးသန့်ခွင့်ပေးမယ်။ ဦးပဋ္ဌင်းသည် ပြောပြောဆိုဆိုပင် ကျောက်သင်ပုန်းတွင် မြေဖြူနဲ့ မျဉ်းတားသည်။ ပြီးနောက်ရေးခြစ်သည်”

“ဒါကို ဘယ်လိုရေးလဲ သိလား။ ငါရေးတဲ့အတိုင်း လိုက်ရေး”

ခဲတံကို ဘယ်လိုကိုင်ရမှန်းမသိသော်လည်း ဦးပဋ္ဌင်း၏ အကူညီနဲ့ ကြိုးစားကိုင်ခဲ့သည်။

ဦးပဋ္ဌင်းသည် မျက်နှာကြောတင်းသော်လည်း ခင်မင်တတ်၍ ခဏတွင်းပင် လွေးနဲ့ ရင်းနှီးသွားခဲ့သည်။ လွေးပျော်သည်။ ဦးတုတ်ကြီးနဲ့ အရုပ်လုပ်နေချိန်ထက်ပိုပျော်၏ ။

ဦးပဋ္ဌင်းပြောသော ပုံဝတ္ထုများက နားထောင်၍ ကောင်းသည်။ အင်္ဂလိပ်ဟုခေါ်သော စာလည်းသင်ရသည်။ သင်္ချာဟုခေါ်သော ကိန်းဂဏာန်းများကိုလည်း ရေတွက်ရသည်။

လွေးသည် အချိန်ကြာလာသောအခါ ကပ္ပိယ ခုတင်ဘေးမှ

ဦးပဍ္ဍင်းကုတင်ဘေးသို့ ရောက်ရှိသွားသည်။

နေ့ရောညပါ ဦးပဍ္ဍင်းနဲ့လက်ပွန်းတတီးနေသည်။ ဦးပဍ္ဍင်းပေါက်စကို ချစ်သည်။ ခင်သည်။ လုံးဝမကြောက်ပါပဲ ရှိသေသည်။ ဦးပဍ္ဍင်းပေါက်စသည်လည်း လွေးကိုချစ်ခင်သည်။ ချို့ချဉ်များ ကျွေးတတ်သည်။ စာမရလျှင်လည်း ကြိမ်ဒဏ်ပေးတတ်သည်။ ပုံပြင်တပုဒ်ကို ဖတ်ပြပြီး ပြန်ပြောစေသည်။ တရားတော်တွေ ကျက်မှတ်ရသည်။ တံမြက်စည်းလှည်းရသည်။ တခါတရံတွင် ချစ်ပန်းနှင်းဆီနဲ့ ဆုံတတ်သည်။ ဆုံတိုင်းလည်း ချစ်ပန်းနှင်းဆီက ထုံးစံအတိုင်း မေးခွန်းတွေများ သည်။ လွေး မဖြေချင်ပါ။ သို့သော်ကြိုးစားဖြေသည်။ ချစ်ပန်းနှင်းဆီသည် လွေးမိဘအကြောင်း မကြာခဏမေး၍ လွေးသည် မိဘဆိုသည်ကို သတိပြုမိလာသည်။

ပုံဝတ္ထုများထဲမှ မိဘများနဲ့ သာသမီးများကို အားကျလာသည်။ ထိုအခါတိုင်း ဆရာဦးပဍ္ဍင်းက ဘဝဆိုတာ တဦးနဲ့တဦး မတူဘူး။ မြေသားမှာပေါက်တဲ့ပန်းထက် ကျောက်ဆောင်မှာပေါက်တဲ့ပန်းက တန်ဖိုးကြီးတယ်ဟု ဆုံးမစကားနဲ့ အားပေးတတ်တသည်။

ဘုန်းကြီးကျောင်းသည် လွေးအတွက် ကျယ်လွန်းလှသည်။ ကောင်းမွန်လှသည်။ အအိပ်အစားမှန်၍ လားမသိ လွေးသည် လအနည်းငယ်အတွင်း ဝဖီးလာသည်။ အရပ်တွေ ရှည်လာ သည်။

ကိုရင်များနဲ့ပင် ခုန်ပေါက်ပြေးလွှားတတ်လာသည်။ ခပ်ကျဉ်းကျဉ်းအခန်းထဲတွင် ငြိမ်ကုပ် မနေရတော့ပဲ ကျယ်ဝန်းသောမြေတွင် လွတ်လပ်စွာနေရသည်။ ဦးပဍ္ဍင်းပေါက်စ ကွယ်ရာတွင် လစ်ရင်လစ်သလို ချောင်းထဲပြေးကာ ရေကူး၍ ရေကူးပင် တတ်စပြုနေသည်။

ဦးပဍ္ဍင်းပေါက်စကလည်း တဦးတည်းသော ချစ်တပည့်မို့ မသိချင်ယောင်ဆောင်ပေးသည် ကခပ်များများဖြစ်သည်။

ဘုန်းကြီးကျောင်းပြင်ပသို့လွေးသည် မသိမသာ ခိုးထွက်တတ်သော်လည်း ပြဿနာမရှာ တတ်သည့်ကလေးမို့ မျက်နှာလဲထားခြင်း ဖြစ်သည်။

လွေး၏ မျက်လုံး အရောင်သည် ရောက်ကာစ အရောင်နဲ့မတူတော့ပဲ တောက်ပလာသည်။ လွေးသည် သင်ယူလွယ်သော တပည့်ဖြစ်သည်။ ဦးပဥ္စင်းပေါက်စသည် လွေးကို သဘောကျသည်။ လွေးသည် ဉာဏ်ကောင်းသည်။ ဘဂကထောင်း၍ ကြီးသည်အထိ တလုံးမှ မတတ်ခဲ့သော်လည်း သင်ရလွယ်သော ကလေးဖြစ်သည်။ ကြိုးစားသည်။ ထို့ကြောင့် အချိန်တိုအတွင်း အတတ်မြန်သည်။ လူလည်လည်၍ လားမသိ ပေါင်းသင်းဆက်ဆံရေးကောင်းသည်။ ကန့်လန့် တိုက် ပြောလေ့မရှိပေ။ လောကကြီးနဲ့ လိုက်လျောညီထွေ နေတတ်သည်။ ပွဲခင်းကလာသည့် ကလေးမို့ အလေဏတော ကလေကချေလေးဟု ထင်ထားခဲ့သော်လည်း အထင်နဲ့ အမြင်လွဲခဲ့ရ သည်။ ကလေးတို့ ဘာသီဘာဂ အဆော့သန်သည်မှလွဲ၍ လွေးသည် အထူးတည်ငြိမ်ပြီး စာအပေါ်အာရုံစိုက်သော ကလေးတယောက်ဖြစ်သည်။

ညစဉ်ညတိုင်းဖတ်ပြနေသော ဂတ္ထုများကိုပင် ကိုယ်တိုင်ဖတ်နိုင်အောင် ကြိုးစားလာသည်။ နှစ်လက်မခန့်ထူသော ဂတ္ထုကြီးကို စာလုံးပေါင်းကာ ဖတ်နေသော လွေးကြောင့် ရင်ထဲနာကျင်စွာ ရယ်ခဲ့ဖူးသည်။

လွေးသည် ခံစားချက်ကောင်းသည်။ ဂတ္ထုတစ်ပုဒ်ကို ခံစားနားလည်လွယ်သည်။ ထို့ကြောင့် ဦးပဥ္စင်းပေါက်စစိတ်ထဲ လွေးကို စိတ်ရင်းကောင်းသူအဖြစ် သတ်မှတ်ထားသည်။

လွေးသည် အများမတတ်သော အတတ်တွေတတ်သည်။

တခါတရံတွင် ဦးပဥ္စင်းသည်ပင် လွေးထံသင်ယူရသည်များ ရှိသည်။ လွေးသည် ပူဖောင်း အရုပ်ကို ကောင်းကောင်းချိုးနိုင်သည်။ ရာဘာအရုပ်များကို

ကောင်းကောင်းလုပ်နိုင်သည်။ ကျွမ်း ကောင်းကောင်းပစ်တတ်သည်။ လေ့းပြောပုံအရ မောင်ရှိုင်းဆပ်ကပ်တွင် နေဖူးသည်ဟု သိရသည်။ ထို့ကြောင့် ကိုရင်များနဲ့ ကျွမ်းပစ်တိုင်းဆော့တိုင်း ကိုရင်များက လေ့းကို ဆရာခေါ်ကြရသည်။

လေ့းသည် မျက်လှည့်ပညာလည်းရသေးသည်။ ကြိုးများကို မျက်လှည့်ပညာဖြင့် ထုံးသည် ဖြေသည်။ ထို့ကြောင့်လေ့းသည် ဘုန်းကြီးကျောင်း၌ ထင်ရှားကျော်ကြားလာသည်။

မနက်အရုဏ်တတ်ချိန်တွင် လေ့း၏ ဘုရားရှိခိုးသံသည် စည်ဝေ၍ ထွက်ပေါ်လာတတ်သည်။

လေ့းသည် လူစဉ်မီသည်ဟု ဆိုရပေမည်။ ပွဲဈေးက လာသူဖြစ်ပါလျက် မြို့ထဲကျက်သရေ ဆောင်ဆရာဝန်ကြီးများ၏ သမီးနဲ့ ရင်းနှီးခင်မင်သည်။

ထိုကလေးမသည် ကျောင်းသို့ရောက်တိုင်း လေ့းကိုရှာနေတတ်သည်။ လေ့းနဲ့လည်း စကားပြောနေတတ်သည်။ ဆရာကတော် ဒေါ်သိမ့်စန္ဒီက လေ့းကို သိပ်မကြည်ဖြူချင်ပါ။ ဒါကို လေ့းလည်းရိပ်မိသည် ထင်ပါရဲ့ လူကြီးများရှေ့တွင် ချစ်ပန်းနှင်းဆီကို မသိချင်ယောင်ဆောင်နေ တတ်သည်။

ယနေ့သည် အဘိဓမ္မာနေ့ဖြစ်သည်။

အချိန်ကြီး အခါကြီးမို့ ဘုန်းကြီးကျောင်းသည် ဥပုသ်သီလ ယူလာသူများနှင့် အထူးစည်ကားနေ၏ ။

“ဆရာဦးပဥ္စင်း”

လေ့းသည် တံခါးပင် မခေါက်ပဲ တွန်းဖွင့်ဝင်လာသည်။ ဦးပဥ္စင်းသည် လက်ထဲတွင်ကိုင်ထားသော စာအုပ်ကို ဖြစ်သလိုပင် ခေါင်းအုံးအောက် ထိုးထည့်လိုက်သည်။

“ဘာစာအုပ်ကြီးလဲဗျ”

"ထားလိုက်ပါကွာ။ မင်းတို့ကလေးတွေ ဖတ်ရတဲ့စာအုပ် မဟုတ်ပါဘူး။ ဘာလဲ … ဘာလုပ်မလို့လဲ"

"Cat ကက်ဆိုတာ ကြောင်နော်"

"အေးလေ"

"Mountain ဆိုတာတောင်နော်"

"အင်းလေ … ဘာဖြစ်လို့လဲ"

"ချစ်ပန်းနှင်းဆီကို တပည့်က cat mountain mountain လို့ ပြောလိုက်တာ စိတ်တိုသွား တယ်"

"တကယ့်လူနောက်ပဲကွာ။ ဘာလို့သွားပြောရတာ လဲ"

"သူပဲ အင်္ဂလိပ်လို တတ်တာမှ မဟုတ်တာ။ ကျွန်တော်လည်း ရပါတယ်ဆိုတဲ့ အကြောင်း ပညာပြရတာ ပေါ့"

"ထမင်းစားပြီးပြီလား"

"ပြီးပြီ။ ဗိုက်ခွေးနမ်းပဲ။ ဟင်းတွေက စုံနေတာပဲ။ ဒါကြောင့် ဂုဏ္ဍုထဲမှာ ဘုန်းကြီးကျောင်း ဟင်းကျနေတာပဲလို့ ရေးတာပဲ။ တပည့်တော့ ဟင်းတွေချည်း နှိုက်စားခဲ့တယ်။ ထမင်းတောင် သိပ်မစားဘူး"

"မင်း ငါကျက်ခိုင်းထားတဲ့ မေတ္တာသုတ်ရပြီလား"

"ရပါပြီဗျာ။ အခုဆိုပြရမလား"

"မဆိုနဲ့ဦး။ အခု စာသင်ချိန်မဟုတ်ဘူး"

"ဆရာဦးပဍ္ဍင်း ဖတ်နေတဲ့စာအုပ်ကဘာလဲဗျ။ တပည့်ကို ပြပါ"

လွေးသည် သိချင်စိတ်ကို ထိန်းမရ၍ ခေါင်းအုံးကို ဆွဲလှန်သည်။ ဦးပဍ္ဍင်းပေါက်စ မျက်နှာ ပျက်သွားသည်။ ခေါင်းအုံးကို ဆွဲနေသော လွေးရဲ့လက်ကို

ဖယ်လိုက်သည်။ လွေးလည်း ကုပ်တွယ်ထားသောကြောင့် ဦးပဥ္စင်း အားသုံးရတော့သည်။ ကလေးနဲ့လူကြီးမို့ ခွန်အားမမျှဖြစ် သည်။ ထို့ကြောင့်ဆွဲထားသော လွေး၏ လက် လွတ်ကျသွားသည်နဲ့တပြိုင်နက် လွေးကိုယ်လေးသည် ကိုယ်ရှိန်မသတ်ဘဲ ထောင့်သို့လဲကျသွားသည်။

လွေး၏ ညာဘက်လက်နာသွားသည်။ နောက်စေ့လည်း နံရံနဲ့ ဆောင့်မိသွားသည်။ လွေးသည် မယုံနိုင်စွာပင် ဦးပဥ္စင်းကိုကြည့်သည်။ စာမရ၍ ရိုက်လျှင် မနာကျင်အောင် ညှာညှာတာ တာရိုက်တတ်သော ဦးပဥ္စင်းသည် လွေးထက် ထိုစာအုပ်ကို ပိုချစ်သွား၍ လော။

“လူဆိုတာ လူ့စည်းလူ့ကမ်းရှိရတယ် လွေး။ မျက်နှာပေးတိုင်း အဆင့်ကျော်မရဘူး။ ကိုယ့်နေရာနဲ့ကိုယ် နေတတ်ရတယ်။ မင်းသင်ကြားတဲ့အထဲမှာ ကျင့်ဝတ်တွေ ပါတယ် မဟုတ်လား။ အဲ့ဒါ သင်ကြားရုံသက်သက် မဟုတ်ဘူး။ လိုက်နာရမှာ နားလည်လား”

လွေး ရင်ထဲနာသွား၏ ။ ရတ်တရက်ဆိုသလို အထီးကျန်သလို ခံစားရသည်။

အမှားပြုမိလျှင် တောင်းပန်တတ်ရမည်ဟု လွေးသင်ဖူးသည်။ ထို့ကြောင့်ပင် သမံသလင်း ပေါ်၌ ဒူးထောက်ကာ လက်အုပ်ချီသည်။

“တပည့်မှားသွားတဲ့အတွက် တောင်းပန်ပါတယ်”

“တောင်းပန်ရုံနဲ့ မပြီးဘူး။ နောက်တခါမလုပ်ဖို့ အရေးကြီးတယ်။ သွားတော့”

လွေးသည် အခန်းထဲမှ ခေါင်းငိုက်စိုက်ကျသွားသည်။ လွေးရင်ထဲ မကောင်းပေ။ ဆရာ၏ ချီးကျူးခြင်းကို နှစ်သက်သည်။ ဆရာဦးပဥ္စင်းနဲ့ ချစ်ခင်စွာနေရခြင်းကို ကြိုက်သည်။ ပျော်သည်။ မိမိလုပ်လိုက်သော အမှားတခုကြောင့် ယုံကြည်ကိုးကွယ်သော ဆရာဦးပဥ္စင်း မျက်နှာညိုး၍

ရင်ထဲမကောင်းချေ။ပြီးနောက် ထိုစာအုပ်သည် ဘာစာအုပ်လဲ။

"လွေး"

ကျောင်းနောက်ဘေး သရက်ပင်ဘေးရှိ ငါးကန်အနီးတွင် ငိုင်နေချိန်၌ လွေးအနီးသို့ ချစ်ပန်းနှင်းဆီ ရောက်လာသည်။

ချစ်ပန်းနှင်းဆီသည် ထုံးစံအတိုင်း ဂါဝန်အရှည်ကြီးကို အရောင်သွေးစုံစွာ ဝတ်ဆင်ထား သည်။ ချစ်ပန်းနှင်းဆီသည် နာမည်လေးနဲ့ လိုက်ဖက်စွာပင် နှင်းဆီတပွင့်နဲ့ တူသည်။ ငွေကြေး ပြည့်စုံသူမို့ သန့်ရှင်းလှပသည်။ ပါးလေးနှစ်ဖက်သည် ပန်းနုရောင် သန်းနေသည်။ နှုတ်ခမ်းတလွှာ သည်နီရဲစိုရွှဲနေသည်။

ချစ်ပန်းနှင်းဆီ ရောက်လာသောအခါ လွေးအနေကျုံ့သွားသည်။ ချစ်ပန်းနှင်းဆီ မိဘ အရှိန်ကြောင့်လား။

"နင်ကလည်း ဘာဖြစ်နေတာလဲ။ ငါ့ကို တွေ့ရင် ထိတ်ထိတ်လန့်လန့်နဲ့"

ချစ်ပန်းနှင်းဆီသည် ပြောပြောဆိုဆိုပင် လွေးအနီး ဝင်ထိုင်လိုက်သည်။

"ဒီနေ့ နင့်အဖေက ဒကာ ထင်တယ်"

"အင်း ... ဟုတ်တယ်။ ငါ့မွေးနေ့လေ"

"သြော်"

"ဘာဖြစ်နေတာလဲ မျက်နှာက"

"ဘာမှ မဖြစ်ပါဘူး"

"နင့်အကြောင်းပြောနေကြတယ်"

"ဘာတွေလဲ"

"ဆရာတော်က ပြောတယ်။ နင်က ဉာဏ်ကောင်းတဲ့ ကလေးတဲ့။ ခုဆို

နင်တရားတွေတောင် ရနေပြီဆို။ ငါ့ဖေဖေက အံ့သြနေတာ။ ဒီရောက်လာတုန်းက နင်လုံး၀ စာမတတ်ဘူးလေ။ ရှစ်လပဲရှိသေးတယ်။ နင်က စာဖတ်တတ်နေပြီဆို”

“စာလုံးပေါင်းရင်တော့ ဖတ်တတ်ပါတယ်”

“ငါတို့ဆို အဲဒီ လို စာလုံးပေါင်းတတ်အောင် နှစ်နှစ်သင်ရတယ်။ အဲ့ဒါ တရားစာတွေ မဟုတ်ဘူး။ ရိုးရိုးကျောင်းစာပဲ”

“ကျောင်းစာက ဘာတွေလဲ”

“နင်လိုချင်ရင် ငါကျောင်းစာအုပ်တွေ ပေးမယ်လေ”

“ရပါတယ်။ ဆရာဦးပဥ္စင်းရှိတယ်”

“နင် ဘာလို့ ဘာမှမလိုချင်ရတာ လဲ လွေး”

“လိုမှ မလိုတာ။ ငါ့မှာ အိပ်စရာရှိတယ်။ ဝတ်စရာရှိတယ်။ စားစရာရှိတယ်။ စာတတ်ချင်ရင် လည်း ဆရာဦးပဥ္စင်း ရှိတယ်”

“အတန်းရော မအောင်ချင်တော့ဘူးလား”

“စာတတ်ရင် ရပါပြီ။ ပညာဆိုတာ အတန်းအောင်မအောင်နဲ့ တိုင်းတာလို့ မရဘူးတဲ့။ ဆရာကောင်းကို တွေ့ရင် ရပါပြီ”

“ဦးပဥ္စင်းက နင့်ရဲ့ ဆရာကောင်းလား”

ရုတ်တရက် လွေး ပြန်မဖြေနိုင်ချေ။

ဘာလို့လဲဆိုတော့ အကောင်းနဲ့အဆိုးကို လွေးကိုယ်တိုင် သေချာမသိသောကြောင့် ဖြစ်သည်။

“နင့်ကိုယ်က အီးစော် မနံတော့ဘူး”

လွေးပြုံးမိပြန်သည် ပြီးနောက်ရှက်သည်။ တစ်ကိုယ်ရည် သန့်ရှင်းရေး သင်ကြားရသော အခါ တပတ်လောက်မှ ရေတခါချိုးသည့်အဖြစ်ကို ရှက်မိသည်။

“နင့်အကျႌ က အကြီးကြီးပဲနော်”

“အင်း … ဦးတုတ်ကြီးပေးထားတာ”

“အဲဒီ ဦးတုတ်ကြီးနဲ့ ငါလည်း တွေ့ဖူးချင်တယ်။ နင့်ကို ဆရာကောင်းရှာခိုင်းတဲ့ ဦးတုတ်ကြီးက ဘယ်သူလဲ”

ချစ်ပန်းနှင်းဆီက ဆိုညည်းသည်တွင် လွေးရင်ထဲ ဦးတုတ်ကြီးကို သတိရမိသည်။ ထို့ကြောင့်ချောင်းသို့ ခဏခဏ သွားကာ ရေချိုးဖြစ်သည်။ ဦးတုတ်ကြီး ဘယ်မှာလဲ၊ ဘယ်ရောက်နေပြီလဲ။ ဘာလုပ်နေလဲ။ မေးခွန်းသာရှိပေမယ့် အဖြေမရှိခဲ့ချေ။

လွေးစိတ်ထဲ ယုံကြည်သည်။ တစ်နေ့တော့ လွေးထံ ဦးတုတ်ကြီး ရောက်ကို ရောက်လာ ဦးမည်။

*******

(၄)

သုံးနှစ်တစ်ကြိမ်ဖြစ်သော ဘုရားပွဲသည် မိုးခေါင်လုံမြို့တွင် ကိုးကြိမ်မြောက် ကျင်းပကြသည်။

လွေး စိတ်ထဲမျှော်လင့်နေသည်။ ရောက်ရှိလာသောဈေးတန်းတွင် ဦးတုတ်ကြီး ဆိုင်ပါရန် ဆုတောင်းမိသည်။

သို့သော် လွေး၏ ဆုတောင်းမပြည့်ခဲ့ချေ။ ပွဲဈေးတွင် နေရာလွတ်မရှိအောင် ဈေးဆိုင်များ စည်ကားနေသည်။

ဦးတုတ်ကြီး၏ ဆိုင်မှုပါမလာချေ။ သို့သော် ကံကောင်းစွာပင် ဦးပွဲမြနှင့်ဆုံ၏ ။

ဦးပွဲမြသည် အရင်လိုရာဘာရပ်မချိုးတော့ပဲ မုန့်သိုင်းချုံဆိုင်ဖြစ်နေသည်။

ဦးပွဲမြသည် အရင်လို စွပ်ကျပ်အင်္ကျီစုတ်ဖြင့်သာ မုန့်သိုင်းချို ကြော်နေ၏ ။

"ဦးပွဲမြ"

လွေး၏ ခေါ်သံကြောင့် ဦးမြသည် လွေးထံသို့ ကြည့်သည်။

မျက်မှောင်တွန့်၍ စဉ်စားနေသည်။ ဦးပွဲမြသည် လွေးကို မှတ်မိပုံမရချေ။ လွေးတို့အရွယ် ကောင်လေးမျိုးက ဦးပွဲမြအဖွဲ့တွင်ဝင်လိုက်ထွက်လိုက်က နည်းတော့သည် မဟုတ်။ ပြီးတော့ မိုးခေါင်လုံးသို့ လွေးရောက်လာသည်မှာ သုံးနှစ်ကြာသွားခဲ့ပြီ ဖြစ်သည်။

ဦးပွဲမြထံတွင် ငါလးမျှသာ နေခဲ့ဖူးသည်။ အခုဆိုရင် ဦးပွဲမြနှင့်ကွဲနေသည်မှာ လေးနှစ်ပင် ရှိသွားပြီ ဖြစ်သည်။

"မင်းကငါကို သိလို့လား"

လွေး ပြုံးသည်။ ဖွံ့ဖြိုးသောအရွယ်မို့ အရင်တုန်းက မိတ်ဆွေက မမှတ်မိ၍ ကျေနပ်သည်။

"ကျွန်တော် လွေး လေ"

တွန့်နေသော ဦးပွဲမြ မျက်ခုံးသည် အပေါ်သို့ တက်သွားသည်။ လွေးအား ခြေစခေါင်းဆုံး ကြည့်သည်။ ထို့နောက် ကြော်လက်စ ဆီအိုးကိုချသည်။

"မင်းတောင် ဒီအရွယ်ရောကါလာပြီပဲ"

ပြောလျှင်လည်း ပြောစရာပင်။ လွေးသည်ဘုန်းကြီးကျောင်းရောက်ပြီးမှ အသားဖြူလာသည်။ ဝလာသည်။ အရပ်ရှည်လာသည်။ ချစ်ပန်းနှင်းဆီထက်ပင် ခေါင်းတလုံးပိုမြင့်လာ၍ ချစ်ပန်းနှင်းဆီက မကြာခဏ လွေးကို စနောက်သည်။

"နင့်ကို ဦးပဉ္စင်းက ဆေးကျွေးထားပြီ" ထင်တယ်တဲ့။

လွေး ပြုံးခဲ့သည်။ ချစ်ပန်းနှင်းဆီက ထိုသို့ပြောတဲ့အချိန်အတိုင်း ကျေနပ်နေသည်။ ချစ်ပန်းနှင်းဆီ မျက်လုံးထဲတွင် လွေးသည် ခန့်ညားသော လူ ဖြစ်ချင်သည်။

"မင်း ဘယ်အဖွဲ့နဲ့ ပါလာတာလဲ"

ဦးပွဲမြသည် စနစ်ရှိသူပီပီ မီးကို ငြိမ်းသတ်၏ ။ သဘောတော့ သူနဲ့စကားပြောတော့မည်ဟု အဓိပ္ပာယ်ရသည်။ ငါးလသာ နေခဲ့ရသော်လည်း ဦးပွဲမြ၏ အထာကို သူ အလွတ်ရနေပါသေးသည်။

"ကျွန်တော် ဒီမှာ နေတာ ၃ နှစ်ရှိပြီ"

"ဒီရွာမှာ"

"အင်း ... စာသင်ရင်းနဲ့ နေတာ။ ဦးတုတ်ကြီးရော ဘာတွေလုပ်နေလဲ"

"မဆုံတာကြာပြီ။ ဇရာဝတီတိုင်းဘက် ရောက်နေတယ်ထင်တယ်။ ဧယျာမြိုင် ဇာတ်နောက် လိုက်နေတယ်"

"ကျွန်တော် သတိရပါတယ်"

"နေပါဦး။ ကိုတုတ်ကြီးတို့နဲ့ ခွဲပြီးကတည်းက မင်းဒီမှာ ဖြေငြိမ်နေတာလား"

"စာသင်နေလို့ပါ"

"တတ်နေပြီလား"

"နည်းနည်းပါးပါးပေ့ါ"

"စာတတ်ပြီးသွားရင် မင်းဘာလုပ်မှာလဲ"

သူဆွံ့အသွားသည်။ ဖြေစရာစကားမရှိချေ။ ထိုမေးခွန်းမျိုး သူ့ကိုယ်သူ ဘယ်သောအခါမှ မေးမကြည့်ဖူးချေ။

သူဘာလုပ်မလဲ။ စာတတ်ပြီးရင် ဘာလုပ်မလဲ။

ဦးပွဲမြ၏ မေးခွန်းကို သူဖြေချင်သည်။ သို့သော် အဖြေကိုမူ စဉ်းစားမရချေ။

"ရော့ ... မုန့်စားဦး"

ဦးပွဲမြသည် လွေးထံ မုန့်သိုင်းချူ ပန်းကန်ကို ထိုးပေးလိုက်၏။ လွေးသည် အရသာမခံဘဲ ကိုက်ဝါးနေသည်။

ဦးပွဲမြ ပြုံး၏။ မှိုင်တွေသွားသော လွေးကို သဘောကျ၍ ဖြစ်သည်။ လွေးသည် ငယ်စဉ်ကတည်းက စဉ်းစားတွေးခေါ်သူ ဖြစ်သည်။

မေးခွန်းထုတ်သူဖြစ်သည်။ မကြာခင် လွေးထံမှ မေးခွန်းတွေ လက်ခံရရှိတော့မည်ကို ဦးပွဲမြ သဘောပေါက်၏ ။

"ဘယ်လိုလုပ် မုန့်ဆိုင် ဖြစ်သွားတာလဲ"

"ဒီလိုပါပဲကွာ။ တတ်သည့်ပညာ မနေသာပေ့ါ။ ဟုအလုပ်ငြီးငွေ့ရင် ဒီအလုပ်လုပ်ပေ့ါ။ ဒုတိယလုပ်တဲ့ အလုပ်က ပထမထက် ပိုအဆင်ပြေနေဖို့ပဲ အရေးကြီးတာ။ ဒီမုန့်လုပ်တာ လည်းအတတ်ပညာတမျိုးပဲလေ။ မုန့်ဖောက်ရတယ်။ ရေနဲ့ဂျုံ အချိန်အဆကို သိရတယ်။ အရောင်ကို သိရတယ်။ ဆန်ရော၊ သကြားရော၊ ဆားရော အချိုးအဆကို သိရတယ်။ အများ အမြင်တင့်အောင်လည်း အလှဆင်ရသေးတယ်။ ပန်းချီဆွဲသလိုပေ့ါကွာ။ မင်းသင်မလား"

လွေးသည် မိုးကာပြာ ကာရံထားသော ဆိုင်တွင်းသို့ မျက်လုံးဝေ့ကြည့်သည်။ ဦးပွဲမြ၏ မိန်းမ ဒေါ်ကြွယ်မှလွဲ၍ အခြားဘယ်သူ့ကိုမျှ မတွေ့ရတော့ချေ။ ဒေါ်ကြွယ်က ဂျုံမှုန့်များကို ရေနဲ့ရောစပ်နေသည်။

"တခြားလူမပါဘူးလား"

"မုန့်လုပ်တာ နည်းနည်းပင်ပန်းတော့ သိပ်မနေချင်ကြဘူး။ သူတို့က ပညာကို တန်ဖိုးမထားကြဘူးလေ။ ဒါလေးတတ်ထားတော့ ဝမ်းကျောင်းနိုင်တယ်လေ။ ငါတောင် ဒီပညာရအောင် ၂ နှစ်လောက် ဒုက္ခခံခဲ့ရတာ "

ဦးပွဲမြ၏ စကားအသွားအလာအရ ကူဖော်လောင်ဖက်လိုမှန်း လွေးရိပ်မိသည်။ ဦးပွဲမြ ပြောတာလည်း မှန်သင့်သလောက် မှန်သည်။ သို့သော် လွေးမလိုက်ချင်သေးပါ။

ဦးပဥ္စင်းထံတွင် အင်္ဂလိပ်စာ သင်ခန်းစာများ မပြတ်သေးချေ။ ယခုဆိုလျှင် ဆရာဦးပဥ္စင်း၏ ကျေးဇူးကြောင့် အင်္ဂလိပ်စာတန်းထိုးကားများပင် လွေးကြည့်တတ်နေပြီ ဖြစ်သည်။

ပရိတ်တော်ကိုလည်း နှုတ်တိုက်ရွတ်ဆိုနေနိုင်ပြီ ဖြစ်သည်။ ပြီးနောက် ဂဠုန်၊ မဂဇင်းများလည်း ကျွမ်းကျင်စွာ ဖတ်တတ်နေသည်။ ဆရာဦးပဥ္စင်းပေးသော အင်္ဂလိပ်မီးနင်းများလည်း ကျက်ရဦးမည်။ များစွာ သင်ကြားရဦးမည်။ ချစ်ပန်းနှင်းဆီနဲ့ ဇာတ်လမ်းပြောတိုင်း ပြိုင်ရသည်ကို နှစ်သက်နေပြီ ဖြစ်သည်။

ဆရာဦးပဥ္စင်းသည် ဆရာကောင်းဖြစ်၍ ဆရာကောင်းနှင့်သူမခွဲခွာလိုပေ။ ဆရာဦးပဥ္စင်းကို စံပြပုဂ္ဂိုလ်အဖြစ် ထားရှိသည်။ ထို့ကြောင့် ဆရာဦးပဥ္စင်းလို ကျင့်ချင်သည်။ သူ့လို တပည့်မွေးပြီး ဆရာဦးပဥ္စင်း သူ့အားသင်ကြားခဲ့သလို သင်ကြားပေးချင်သည်။

"ကျွန်တော် မလိုက်နိုင်သေးဘူး"

လွေး အဖြေက ပြတ်သားလှသည်။ လွေးအဖြေကို ဦးပွဲမြက နှစ်သက်ပုံ မရချေ။ မျက်မှောင် တွန့်သွားသည်။

ကျွန်တော် သင်ယူစရာတွေ ကျန်သေးတယ်။

"လောကမှာ စာတခုပဲ သင်ယူစရာရှိတာ မဟုတ်ဘူးကွာ။ အသက်မွေးမှု ပညာက အရေးကြီးဆုံးပဲလေ။ ကျောင်းသားတွေ ဘာကြောင့် စာသင်ကြတယ် ထင်လဲ။ ထမင်းစားဖို့ ပဲကွ"

သူ မတ်တပ်ထရပ်သည်။

သူအထင်ကြီးနေသောစာကို ဦးပွဲမြက အထင်သေးစကားဆို၍ သူမကျေနပ်ပါ။ ထို့ကြောင့် ဦးပွဲမြနဲ့ စကားဆက်မပြောလိုတော့ပေ။ ဒေါ်ကြွယ်ကိုပင် နှုတ်မဆက်ချင်တော့ချေ။ စာမတတ်လျှင် လူရာမဝင်ဘူးဆိုသည့်စကားကို သူလက်ခံကျင့်သုံးနေချိန်တွင် စာကို အထင်သေးစကားဆိုသော ဦးပွဲမြကို သူအထင်သေးမိသည်။

လွေးမှာ အကျင့်တစ်ခုပိုလာသည်။ အထင်သေးမိသူကို

စကားဆက်မပြောတော့ပေ။ ထို့ကြောင့် ထရပ်သည်။

"စာတတ်တဲ့သူတွေကပဲ ဆရာကောင်း မဟုတ်ဘူး။ စာတော်တဲ့သူတွေကပဲ ဆရာကောင်း မဟုတ်ဘူး။ လောကမှာ အရေးကြီးတာက စိတ်ဓာတ်နဲ့ စာရိတ္တပဲ။ စာရိတ္တဆိုးတဲ့သူကို ဆရာတင်မိတော့ မင်းဘဝလည်း သွားမှာပဲ။ ဒီမှာလွေး စာတတ်တိုင်းလည်း စာရိတ္တ မကောင်းကြဘူးကွ"

"ကျွန်တော် သွားပါဦးမယ်။ ဦးတုတ်ကြီးနဲ့ ကြုံကြိုက်ခဲ့ရင် ကျွန်တော်နဲ့ ဆုံခဲ့ကြောင်း ပြောပြပေးပါ"

လွေးခပ်ပြတ်ပြတ်ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။

လွေး ရင်ထဲဝမ်းနည်းသည်။ ဦးပွဲမြ၏ အရိပ်တွင် လွေး နေခဲ့ဖူးသည်။ သဘောကောင်းသော လူအဖြစ် သဘောကျခဲ့ဖူးသည်။ ဦးပွဲမြထံတွင် လွေး အတုယူစရာများစွာ ရှိသည်။ ဦးပွဲမြသည် အရာရာကို သင်ယူဖို့ မပျင်းချေ။ အမြဲအဆင်သင့် ဖြစ်နေတတ်သည်။ တက်ကြွသော လွေး၏ စိတ်ဓာတ်သည် ဦးပွဲမြထံမှ ရရှိလာခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ဦးပွဲမြက အခုလိုပြောခြင်းကို နှလုံးသားထဲပါ နာကျင်မိသည်။ မိမိ အထင်ကြီး သောအရာကို မိမိလေးစားခဲ့သူလည်း အထင်ကြီးစေချင်သည်။ အထင်မကြီးသည့်တိုင်အောင် ပုတ်ခတ်မပြောစေချင်ပါ။

"မျက်နှာက ဘာဖြစ်နေတာလဲ"

ဂါဝန်ရှည်ကို မဝတ်တော့သည့် ချစ်ပန်းနှင်းဆီက ဂျင်းဘောင်းဘီကွာတားလေးနှင့် ဖြစ်သည်။ ငယ်တုန်းကလိုရှည်သော ဆံပင်မျိုး မဟုတ်တော့ဘဲ ဆံပင်ဂုတ်ဝဲလေးနဲ့ ဖြစ်သည်။

ချစ်ပန်းနှင်းဆီ ကျောင်းကို မလာတာ ဘယ်လောက်ကြာသွားပြီလဲ။ စာမေးပွဲရှိသည်ဆိုသော အကြောင်းပြချက်နဲ့ ပျောက်နေတာ ဘယ်လောက်ကြာပီလဲ။

နားထင်လေးများပင် ပိန်ကျသွားသော ချစ်ပန်းနှင်းဆီကို သူငေးကြည့်နေဖြစ်သည်။

"ဘာကြည့်တာလဲ၊ မမြင်ဘူးတာကျလို့"

မှန်တာပြောရရင် သူ့ဘဝတွင်ရှယ်တူမိန်းကလေးနဲ့ ပြောဆိုဖူးခြင်းသည် ချစ်ပန်းနှင်းဆီ တဦးတည်းသာ ရှိ၏ ။ သူ့လို ဘုန်းကြီးကျောင်းသားကို ရွာထဲရှိ ဘယ်အပျိုကမှ အရေးတယူ မပြောပေ။ သူကလည်း မည်းသည့်မိန်းကလေးနဲ့မှ အရောတဝင် မနေချေ။ အချိန်ပြည့် ဆရာ ဦးပဋ္ဌင်းနားတွင်သာ ကပ်နေတတ်သည်။

ဆရာဦးပဋ္ဌင်းက ညနေခင်းဘက် ရွာထဲလှည့်လည်လမ်းလျှောက်ထွက်သော်လည်း သူတော့ ဘယ်သောအခါမှ မလိုက်ခဲ့ဖူးပါ။ လိုက်ပါဟုလည်း ဆရာဦးပဋ္ဌင်းက မခေါ်ခဲ့ဖူး။

"စာမေးပွဲ ဖြေနိုင်ရဲ့လား"

"အင်း ... မြန်မာစာတော့မရဘူး။ မြန်မာစာဖြေတဲ့နေ့ကဆို နင့်ဦးနှောက်ကို ခဏ ငှားလိုက်ချင်တယ်"

"ငါက နင့်လောက်မတတ်ပါဘူး"

"လေ့လာမှု အားကောင်းတယ်လေ။ ဒီနှစ်မေးခွန်းက အထွေထွေ ဗဟုသုတပါတယ်။ နင်နဲ့သာဆို ကွက်တိပဲ။ နင်ဖြေရင် သေချာပေါက် ဂုဏ်ထူးထွက်မှာ"

"စိတ်ချမ်းသာအောင် ပြောမနေနဲ့"

"ဆဒ္ဒန်ဆင်မင်းကို နင် ကျွမ်းတယ်နော်"

"အင်း"

"ရေသည်ပြဇာတ်ရတယ်နော်"

"အင်း"

"ကဗျာ ခံစားမှုလည်းကောင်းတယ်လေ။ သဒ္ဒါဆို နင်ကအရည်ကျိုသောက်ထားတာ။ စာစီစာကုံး ပြောစရာတောင် မလိုဘူး"

သူပြုံးသည်။ ချစ်ပန်းနှင်းဆီက သူ့ကိုရှာကြံချီးကျူးပေး၍ ချစ်ပန်းနှင်းဆီနဲ့ တွေ့ရသည်ကို သူပျော်သည်။ ချစ်ပန်းနှင်းဆီသည် ကျောင်းသို့ ဆွမ်းပို့လာသော အခြားမိန်းကလေးများနဲ့ မတူပေ။ အနည်းငယ် ယောကျ်ားဆန်၏။ မည်သူ့ကိုမျှလည်း ဂရုမစိုက်ပေ။ သူ့အကြောင်း ကိုလည်း အတိုင်းအတာထက်ပိုပြီး မစပ်စုပါ။ သူ့ဘဝကို ကြိုက်တယ်ဟုပင် ပြောဖူးသည်။ ဘာကြောင့် ကြိုက်လဲဆိုတာတော့ အကြောင်းပြချက်မပေးခဲ့ဖူးပါ။ သူလည်းမမေးမိခဲ့။

"နင် ... ပွဲဈေးက ပြန်လာတာလား"

"အင်း"

စကားလမ်းက ရုတ်တရက် ပြောင်းသွားသလို သူ့မျက်နှာလည်း ရုတ်တရက် တည်သွားပြန်သည်။

"ဦးတုတ်ကြီး သတင်းသွားမေးတာလား"

မေးခွန်းကို သူမဖြေချင်ပါ။ ထို့ကြောင့် မကြားလေဟန်ပြုသည်။

"စာတတ်တိုင်း စာရိတ္တမကောင်းဘူးဆိုတာ တကယ်လား"

မေးခွန်းကို မေးခွန်းနဲ့သာ တုံ့ပြန်သောကြောင့် ချစ်ပန်းနှင်းဆီသည် လွေးကို လှမ်းကြည့်သည်။ လွေးတခုခု တွေးခေါ်စဉ်းစားမှန်း သဘောပေါက်လိုက်သည်။

လွေး၏ မျက်ဝန်းသည် ရှုပ်ထွေးမှုများ ပြည့်သိပ်နေသည်။ မျက်ခုံးကိုတွန့်ချိုးထားသည်။

"ငါဖတ်ဖူးသမျှ စာထဲမှာတော့ စာတတ်မှ မှန်ကန်တဲ့ ရွေးချယ်မှုကို

လုပ်နိုင်ကြတာပဲ။ ဆရာကောင်းတွေ့ထားတယ်။ နေရာကောင်းတွေ့ထားတယ်။ လူကောင်းတွေနဲ့ ဆုံထားတယ်"

"ဘာကြောင့် အဲဒီ လို ပြောနိုင်တာလဲ"

ချစ်ပန်းနှင်းဆီ မေးခွန်းသည် ကောင်းလွန်း၍ ရုတ်တရက် သူ့ကို ဆွံ့အသွားစေသည်။ သူဘာဖြေရမှန်းမသိချေ။ ကောင်းမှန်းသိသော်လည်း အကြောင်းပြချက်ကို ရုတ်တရက် မစဉ်းစားတတ်ပါ။

"လူယုတ်မာမှာ ဂျိူ မပါသလို။ လူကောင်းကလည်း သရဖူဆောင်းမထားဘူး။ အပေါ်ယံလွှာကို ခွာချလိုက်ရင် လောကမှာ ဘယ်သူ့ဘယ်သူမှ အထင်ကြီးစရာ မရှိဘူး။ ငါနင်ကို လာနှုတ်ဆက်တာ လွေး"

"ဟင် ... ဘာလို့လဲ"

ချစ်ပန်းနှင်းဆီသည် လွယ်ထားသော ကျောပိုးအိတ်ကို ဖြုတ်သည်။ ပြီးနောက် အိတ်ထဲမှ စာအုပ်ထုတ်သည်။

"နင် အင်္ဂလိပ်မှာ လေ့လာမှု အားနည်းနေတယ်။ ဒါက မီးနင်းစာအုပ်ပါ။ ဒီတအုပ်လုံးသာ နင်ကျေညက်သွားရင် ဘာမှ မှုစရာမလိုတော့ဘူး။ ဒါနင့်အတွက် ငါ့လက်ဆောင်ပဲ"

ချစ်ပန်းနှင်းဆီ လှမ်းပေးသော စာအုပ်ကို သူလှမ်းယူသည်။

"ငါ့ဖေဖေက အပြောင်းအရွှေ့ကျလာတယ်။ ငါတို့နေရာပြောင်းရတော့မယ်"

သူ့ရင်ထဲ ထိရှကြေကွဲသွားသည်။ စိတ်မကောင်းဖြစ်နေသော ရင်ဘတ်သည် စုန်ကန်ခံလိုက် ရသလိုခံစားရသည်။

"ငါ နင့်ကို ခင်တယ် လွေး"

ငါရောပဲ ... ဟုပင် မပြောလိုက်နိုင်ချေ။ လွေး၏ လည်ချောင်းသည်

ခြောက်သွေ့ကုန်သည်။

"မနက်ဖြန် သွားတော့မှာ။ ငါစာမေးပွဲ ပြီးအောင်စောင့်နေတာ။ မနက်ဖြန် မနက်အစောကြီးထွက်မှာ။ နင့်ကိုငါ လာကြည့်တာ"

ချစ်ပန်းနှင်းဆီသည် အပြောနှင့် ကိုက်ညီစွာပင် လွေးကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"နင့်ကို ငါမှတ်မိသွားအောင် ကြည့်ချင်တယ်။ လွေး ... နင်ငါ့ကို တခုခွင့်ပြုပါ"

ဘာလဲ။ တခုမက အများကြီးတောင်းဆိုလိုက်စမ်းပါ ချစ်ပန်းနှင်းဆီရယ်။

"ငါ နင့်မျက်နှာကို ခဏကိုင်ချင်တယ်"

လွေးမရှက်နိုင်တော့ချေ။ ချစ်ပန်းနှင်းဆီနဲ့ ဝေးရတော့မှာလားဆိုသည့် အသိက လွေးနှလုံးသားကို နာကျင်စေသည်။ ဝေးသွားပြီးရင် တွေ့ရဖို့ဆိုတာ မျှော်လင့်ချက်တခုသာ ဖြစ်သည်ကို လွေး ကောင်းကောင်းသိ၏ ။ မသွားဖို့လည်းတားဖို့ ခွန်အားမရှိချေ။ တားသည်ထားဦး။ ဘာအကြောင်းကြောင့် တားမှာလဲ။ ဘာခွန်အားနဲ့တားမှာလဲ။ ဘာဆိုင်လို့ တားမှာလဲ။

"လွေး ... နင်အရမ်းချောလာတယ်။ မန်ကျည်းပင်အောက်မှာ တွေ့စက လွေးနဲ့မတူတော့ဘူး။ လွေး နောက်ထပ်ငါးနှစ်ကြာသွားရင် နင့်ကို ဒီမှာလာရှာမယ်။ နင် ငါ့ကို စောင့်နေနော်။ ငါသေချာပေါက်လာခဲ့မယ်"

ချစ်ပန်းနှင်းဆီသည် ပြောရင်း မျက်ရည်ကျလာသည်။

လွေး၏ လက်များတုန်ယင်လာသည်။ လွေး၏ ပါးကိုစမ်းနေသော ချစ်ပန်းနှင်းဆီလက်ကို ဆွဲကိုင်လိုက်ချင်သည်။ သို့သော် မရဲချေ။

"ငါသွားတော့မယ်"

ချစ်ပန်းနှင်းဆီသည် ရုတ်တရက် ဆိုသလို ချာခနဲ လှည့်သွားသည်။

"ချစ်ပန်းနှင်းဆီ"

ခြေလှမ်း ၂ လှမ်းသာလျှောက်ရသေးသော ချစ်ပန်းနှင်းဆီသည် လှည့်မကြည့်ဘဲ ရပ်နေသည်။

"ငါ .. ငါ... ငါ ဘာပြောရမလဲ မသိဘူး"

"ဘာမှမပြောနဲ့တော့။ နောက် ငါးနှစ်နေမှ ပြောတော့။ ပြန်မဆုံမှာမှ မဟုတ်တာ"

ချစ်ပန်းနှင်းဆီသည် သူ့အား ထပ်လှည့်မကြည့်သွားတော့ချေ။

လွှေးနှလုံးသား တစ်ခုလုံးနာကျင်နေသည်။ အသက်ရှူနှုန်း မမှန်ချင်တော့ပေမယ့် ကျလုလု မျက်ရည်ကို အံကြိတ်ကာ ထိန်းချုပ်ရသည်။

ဒါဒုတိယအကြိမ်မြောက်ပေ့ါ။ သူ့ချစ်ရတဲ့သူတွေက သူ့ကိုဘာလို့လှည့်မကြည့်ဘဲ ထားသွား ကြတာလဲ။

သူ့စိတ်ထဲ ဝမ်းနည်းလာသည်။

သို့သော်အားငယ်စိတ်တော့ မဖြစ်ပါ။ သူဟာ ကလေးတယောက် မဟုတ်တော့ဘူးဟု ခံယူမိသည်။ ထို့ကြောင့် မျက်ရည်ကို ထိန်းချုပ်နိုင်ရသည်။ ရင်ထဲတွင်လာရသော်ငြား စိတ်ကို အလိုမလိုက်ဘဲအသက်ကို မှန်မှန်ရှူသည်။

ဒုတိယမြောက် ကျောခိုင်းခြင်းခံရ၍ ရင်ထဲနာကျင်သည်။ ဦးတုတ်ကြီး၏ ကျောပြင်ထက် ချစ်ပန်းနှင်းဆီ ကျောပြင်က သူ့ကိုပို၍ ရင်နာစေသည်။

သူ့ရင်ထဲ ရှိုက်သံထွက်နေသည်။ သို့သော် မငိုမိအောင် အံကြိတ်တောင့်ခံနေသည်။ အသက်ကို မှန်မှန်ရှူသွင်းသည်။ တယောက်နဲ့တယောက် ခွဲရ၍ ငိုရခြင်းသည် ယောကျ်ားမဆန်ဘူးဟု ခံယူမိသည်။

ဘယ်တော့များ ပြန်ဆုံနိုင်မလဲ။ သွားတော့မှာပါလားတွေးမိလျှင် ငိုချင်စိတ်ကို ထိန်းမရလွန်း၍ လက်ထဲမှ စာအုပ်ကို ဖွင့်သည်။

သူ့မျက်လုံးသည် စာတွေကို မမြင်ဘဲ ချစ်ပန်းနှင်းဆီ မျက်နှာကိုသာ မြင်နေသည်။

မဖြစ်တော့ပါ။ သူတစ်ယောက်တည်း ကြိုးစားတောင့်ခံနေလျှင် သူငိုမိပေလိမ့်မည်။ သူ့စိတ်ကို သူအာမမခံနိုင်တော့ပေ။ ထို့ကြောင့် အားကိုးရှာရတော့၏ ။ သူ၏ အားကိုးသည် တစ်ဦးတည်း သောအရာဖြစ်၏ ။

*******